စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့ကပြုစုသည်

# MYANTRADE
# ဈေးကွက်သတင်းလွှာ

အမှတ်စဉ် ၁၁/၂၀၂၅

## ၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ သတင်းခေါင်းစဉ်များ

### ပြည်တွင်းဈေးကွက်

- မြိတ်ဒေသထွက် ခရုအိုးစုပ် ဈေးနှုန်းဈေးကွက်
- ရမည်းသင်းခရိုင် ဝါသီးနှံစိုက်ပျိုးမှုနှင့်ဈေးကွက်အခြေအနေ
- မအူပင်မြို့နယ်တွင် ရောင်းချနေသော ကွမ်းသီးမှည့် ဈေးနှုန်းကျဆင်း

### နိုင်ငံတကာဈေးကွက်

- အိန္ဒိယနိုင်ငံသည် လာမည့် ၅ နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် ဆန်အတွက် ကမ္ဘာလုံး ဆိုင်ရာဈေးကွက်သစ်များဖွင့်လှစ်ရန် ရည်မှန်းထားကြောင်း ဝန်ကြီး Pralhad Joshi ပြောကြား
- ဂါနာနိုင်ငံသည် စက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးဆန်တင်ပို့သည့် ဈေးကွက်ဖြစ်လာ
- ဘာစမာတီမဟုတ်သောဆန်တင်ပို့မှုအပေါ် မှတ်ပုံတင်ကြေး တစ်တန်လျှင် ၈ ရူပီးနှုန်း အိန္ဒိယအစိုးရ စည်းကြပ်မည်
- ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းထားခြင်းကို ၂၀၂၅ ခုနှစ်၊ နှစ်ကုန်သည်ထိ သက်တမ်း တိုးသွားမည်ဖြစ်
- ပိုးသတ်ဆေးခတ်ကြွင်းများပါဝင်သဖြင့် တရုတ်နိုင်ငံမှ အဝယ်ရပ်၍ ပဲတီစိမ်းဈေးကျ
- ပဲမျိုးစုံ ထုတ်လုပ်မှုမြှင့်တင်ရေး ၆ နှစ်အတွင်း ရူပီး ၁၁၄ ဘီလီယံ သုံးစွဲရန် အိန္ဒိယအစိုးရအဖွဲ့ အတည်ပြု
- အိန္ဒိယအစိုးရက ၂၀၃၀-၃၁ သီးနှံနှစ်တွင် ပဲမျိုးစုံထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်း တိုးမြှင့်ရန်ရည်မှန်း ဆောင်ရွက်လျက်ရှိ
- ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်လာမှုနှင့်အတူ ဘရာဇီးလ်သည် တရုတ်နိုင်ငံသို့ ပဲပုပ်နှင့် အမဲသားတင်ပို့မှုကို မြှင့်တင်ခဲ့
- ထုတ်လုပ်မှုနှင့် တင်ပို့မှု ကွာဟချက်အရ မလေးရှား၏ စားအုန်းဆီလက်ကျန် ကျဆင်းဖွယ်ရှိ
- ၂၀၂၆ နှစ်လယ်ပိုင်းအထိ သကြားတင်သွင်းမှု ဆိုင်းငံ့မည်ဟု ဖိလစ်ပိုင်စိုက်ပျိုးရေးဌာန ပြောကြား
- အီသနောထုတ်ရန် ပြောင်းများ အမေရိကန်ထံမှ အိန္ဒိယ ဝယ်ယူဖွယ်ရှိ
- ဆီကြိတ်ပြီးဖွဲ့ဖတ် တင်ပို့မှုတားမြစ်ချက် အိန္ဒိယအစိုးရ ပြန်လည်ရုပ်သိမ်း
- ကမ္ဘောဒီးယားသည် ၂၀၂၅ ခုနှစ် ပထမ ၈ လတွင် ရော်ဘာအစေးတင်ပို့မှုမှ ဒေါ်လာ ၃၂၈ သန်း ကျော်ရရှိခဲ့
- ဗီယက်နမ်၏ ကော်ဖီပို့ကုန်တန်ဖိုး ဒေါ်လာ ၇ ဘီလီယံကျော်သို့ ပထမဆုံးအကြိမ် ရောက်ရှိ
- တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့် သီဟိုဠ်စေ့ကဏ္ဍကို နိုင်ငံတော်က မျက်စိကျ
- အာဖဂန်နစ္စတန်နိုင်ငံသည် နှစ်စဉ် ပျားရည်တန်ချိန် ၂၂၀၀ ထုတ်လုပ်ပေး
- အိန္ဒိယနိုင်ငံသည် ကွမ်းသီးလှော်(Roasted areca nut) ကို ၁ ကီလို ဂရမ်လျှင်

ကုန်သွယ်မှုသတင်းအချက်
အလက်နှင့်သုတေသန
ဌာနခွဲ
ဖုန်း ၀၁ -၃၈၈၂၉၇
၀၁ -၃၇၆၄၉၀
http://www.myantrade.org

ရုပီး ၃၅၁ အောက်ဈေးနှုန်းဖြင့် တင်သွင်းခြင်းအပေါ် ကန့်သတ်ချက်များချမှတ်

- ဇီဝလောင်စာ၌ စားအုန်းဆီ ၅၀ ရာခိုင်နှုန်း ရောစပ်အသုံးပြုရန် စမ်းသပ်မှု အင်ဒိုနီးရှား လုပ်ဆောင်
- တရုတ်နိုင်ငံ၏ ပြောင်းထွက်ရှိမှုသည် ဆက်လက်မြင့်တက်လာ
- ရုရှားသည် တရုတ်နိုင်ငံသို့ အစေ့ထုတ်ပြောင်း အဓိကပေးသွင်းသူအဖြစ် ရောက်ရှိ
- ၂၀၂၆ ခုနှစ် မတ်လအထိ ငွေစင်လက်ဝတ်ရတနာများ တင်သွင်းခြင်းကို အိန္ဒိယအစိုးရမှ တားမြစ်ပိတ်ပင်
- အမေရိကန်နှင့် အပြန်အလှန်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို ယခုနှစ်ဆုံးပိုင်းတွင် အပြီးသတ်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့
- အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် စတီးလ်တင်သွင်းမှုပြုသည့်ခွဲတမ်းကို ထက်ဝက်နီးပါးလျှော့ချမည့် ဥရောပသမဂ္ဂ၏ အစီအစဉ်သည် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်တင်ပို့မှုကို ထိခိုက်စေနိုင်
- အိန္ဒိယနိုင်ငံသို့ ငါးသလောက်ငါးတန်ချိန် ၃၇ ဒသမ ၄၆ တန်ချိန်ခန့် တင်ပို့ခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ
- သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသောထိခိုက်မှုအန္တရာယ်နှင့်ကြုံတွေ့ရသည့် ဒါဂျီလင်(Darjeeling) လက်ဖက်လုပ်ငန်း

**ပြည်တွင်းကုန်သွယ်မှုသတင်း**

- ရော်ဘာပန်းတိုင်အထွက်နှုန်း တစ်ဧကပေါင် ၁၀၀၀ ထွက်ရှိရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိ

**ပြည်ပကုန်သွယ်မှုသတင်း**

- အီးယူနဲ့ အခြားဈေးကွက်တွေက အောက်တိုဘာလမှစတင်ပြီး ဆန်နဲ့ ဆန်ကွဲတွေ စတင်ဝယ်ယူ
- မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတို့အကြား တန်ဖိုးမြှင့်ထောပတ်သီးထုတ်လုပ်မှုကဏ္ဍတွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဒုတိယအကြိမ် ညှိနှိုင်းအစည်းအဝေး
- မြန်မာနိုင်ငံမှ မက္ကဒေးမီးယားအစေ့များ တရုတ်နိုင်ငံသို့ ဈေးကွက်ဝင်ရောက်ခွင့် ရရှိခဲ့
- ကောက်ညှင်းဆန် တိုးမြှင့်တင်ပို့ရန်စီစဉ်နေဟု ဆန်စပါးအသင်းချုပ်ပြော

**အထူးဆောင်းပါးများ**

- အမေရိကန်နိုင်ငံသို့တင်သွင်းသည့် သစ်၊ ပြုပြင်ပြီးသစ်သားနှင့် အခြား သစ်တောထွက်ပစ္စည်း သွင်းကုန်များကို ထိန်းညှိခြင်းဆိုင်ရာကြေညာချက် ထုတ်ပြန်ခဲ့

**ကုန်သွယ်မှုအခြေအနေ၊**

**ကုန်စည်ဈေးနှုန်းများ**

## ပြည်တွင်းဈေးကွက်

### မြိတ်ဒေသထွက် ခရုအိုးစုပ် ဈေးနှုန်းဈေးကွက်

မြန်မာနိုင်ငံတောင်ပိုင်းရှိ မြိတ်ဒေသတွင် ငါးများနှင့် ပင်လယ်စာပေါင်းစုံသာမက အမျိုးမျိုးသော သစ်သီးဝလံများ ထွက်ရှိသည်။ ထိုထဲတွင် “ခရုအိုးစုပ်” ဟူသော အရသာထူးခြားသော ပင်လယ်စာ အခြေခံအစားအစာသည် မြိတ်ဒေသတွင် လူကြိုက်များသည့် အစားအစာတစ်ခု ဖြစ်သည်။

“ခရုအိုးစုပ်” သည် ပင်လယ်စာအမျိုးအစားတစ်ခုဖြစ်ပြီး Protein ၊ Omega-3 fatty acid၊ Calcium၊ Iron၊ Zinc များပါဝင်သဖြင့် နှလုံးသွေးကြောကျန်းမာရေးအတွက် အကျိုးရှိစေသည်။ ခရုအိုးစုပ်များကို အမျိုးမျိုးချက်ပြုတ် စားသောက်ကြပြီး တစ်ခါတစ်ရံတွင် အုန်းနို့ဖြင့်ချက်ပြုတ်၍လည်း စားသုံးကြသည်။ ထိုင်းလူမျိုးအများစုသည် ရိုးရာပွဲများ၊ ပွဲလမ်းသဘင်များတွင် ပိုမိုစားသောက်ကြပြီး ထိုင်းနိုင်ငံသို့ လာရောက်လည်ပတ်သည့် နိုင်ငံခြားသားခရီးသွားများ၊ ကမ်းခြေတွင်လာရောက်အပန်းဖြေသည့်ပြည်သူများ၊ နိုင်ငံခြားသားများကလည်း နှစ်ခြိုက်စွာစားသုံးကြသည်။ ထို့ကြောင့် လူကြိုက်များသည့် မြန်မာနိုင်ငံမှခရုအိုးစုပ်အရှင်များသည် ထိုင်းနိုင်ငံ၏ဈေးကွက်လိုအပ်ချက်မြင့်မားလာသည့် တင်ပို့ကုန်ရေထွက်အမည်တစ်ခုဖြစ်သည်။

ခရုအိုးစုပ်သည် အစားအသောက်အဖြစ်သာမက မြိတ်ဒေသ၏ အရသာထွက်ကုန် တစ်မျိုးအဖြစ် လူသိများလာခဲ့ပြီး ဒေသခံများအတွက် ဝင်ငွေအရင်းအမြစ်တစ်ခု ဖြစ်စေသည်။ ၂၀၂၅ခုနှစ်၊ စက်တင်ဘာလ စတုတ္ထပတ်တွင် မြိတ်မြို့ရှိ ဈေးကွက်အတွင်းရောင်းချနေသောခရုအိုးစုပ်၏ဈေးနှုန်းမှာနို့ဆီဘူး ၁ ဘူးလျှင် ၈၀၀ ကျပ်နှုန်းဖြင့် ရောင်းဝယ်လျက်ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/54174

## ရမည်းသင်းခရိုင် ဝါသီးနှံစိုက်ပျိုးမှုနှင့်ဈေး;ကွက်အခြေအနေ

ရမည်းသင်းခရိုင်အတွင်းဝါသီးနှံကို မိုးကြို၊ မိုး၊ မိုးနှောင်းဝါဟူ၍ စိုက်ပျိုးကြရာ စက်တင်ဘာလတွင် မိုးကြိုဝါရာသီကုန်ပြီး မိုးဝါမှာလည်း အောက်တိုဘာလတွင် ထွက်ရှိမည်ဖြစ်ကြောင်းသိရသည်။ မိုးကြိုဝါကို မတ်လ၊ ဧပြီလများက စိုက်ပျိုးခဲ့ပြီး ဇူလိုင်၊ ဩဂုတ်လများတွင် ကောက်သိမ်းခဲ့ကြောင်း၊ မိုးကြိုဝါ ဈေးကွက်တွင် တစ်ပိဿာ ၃,၅၀၀ ကျပ်မှ ၄,၂၀၀ ကျပ်ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး ရမည်းသင်းမြို့ပေါ်တွင် ဝါကုန်သည်ကြီးများမှ ဝါကိုကြိတ်၍ မန္တလေးမြို့ရှိ ချည်မျှင်စက်များ၊ စက်မှုဝန်ကြီးဌာန ချည်မျှင်စက်နှင့် တပ်မတော်ချည်မျှင်စက်များသို့ပြန်လည် ပေးသွင်းရောင်းချကြသည်။ ယခုနှစ် ဂွမ်းဈေးအနေဖြင့် ပုဂ္ဂလိက စက်များသို့ ရောင်းဈေးမှာ တစ်ပိဿာ ၈,၀၀၀ ကျပ်မှ ၉,၅၀၀ ကျပ်ရရှိခဲ့ပြီး စက်မှုဝန်ကြီးဌာန တင်ဒါဈေးအနေဖြင့် တစ်ပိဿာ ၁၁,၉၀၀ ကျပ် ဖြင့်ပေးသွင်းရကြောင်းသိရသည်။

ရမည်းသင်းခရိုင်အတွင်း ဝါသီးနှံကို ယခုနှစ် ၂၀၂၅-၂၀၂၆ ခုနှစ်တွင် မိုးကြိုဝါစိုက်ဧက ၃,၈၉၉ ဧက စိုက်ပျိုးပြီး တစ်ဧကအထွက်နှုန်း ပိဿာ ၃၀၀ ခန့်ထွက်ရှိကြောင်း၊ မိုးဝါကို ဩဂုတ်လကုန်အထိ ၁,၂၇၅ ဧက စိုက်ပျိုးထားရာ အောက်တိုဘာလတွင် စတင်ပေါ်မည်ဖြစ်ကြောင်းသိရသည်။ ယခုနှစ်မိုးများသည့်အတွက် ယခင်နှစ်နှင့်နှိုင်းယှဉ်ပါက အစိုက်နည်းကာ အထွက်နှုန်းမှာလည်း ကျဆင်းကြောင်းနှင့် ယခင်နှစ်က တစ်ဧက ၄၃၀ ပိဿာကျော်ထွက်ရှိကြောင်း သိရသည်။

Source: https://www.doca.gov.mm/my/node/54136

## မအူပင်မြို့နယ်တွင် ရောင်းချနေသော ကွမ်းသီးမှည့် ဈေးနှုန်းကျဆင်း

မအူပင်မြို့နယ်တွင် မြိတ်၊ ကော့သောင်း ကွမ်းသီးမျိုးခံ၍ စိုက်ပျိုးနေကြပြီး မအူပင်မြို့နယ်အနီး ကျေးရွာများတွင် စိုက်ပျိုးထွက်ရှိလျက်ရှိသည်။ မြိတ်ကွမ်းသီးများကိုလည်း လက်ဝယ်ဒိုင်များကနှစ်စဉ်မှာယူရောင်းချနေပြီး တစ်ပတ်လျှင် ၆ ဘီးကား ၃ စီး၊ ၁၂ ဘီကား ၃ စီး မအူပင်မြို့သို့ ဝင်ရောက်နေကြောင်း သိရသည်။

၂၀၂၅ ခုနှစ်၊ အောက်တိုဘာလအတွင်း၌ မအူပင်ဈေးကွက်တွင်ရောင်းချသော ကွမ်းသီးဈေးနှုန်းများမှာ ကွမ်းသီးအကြီးအလုံးလှ ၁လုံးလျှင် ၁၅၀ ကျပ်၊ အလတ် ၁၀၀ ကျပ်၊ အသေး ၈၀ ကျပ်ဖြင့် လုံးကောက်ရောင်းချနေကြောင်း တွေ့ရသည်။ ကွမ်းသီးတစ်အိတ်လျှင် အလုံး ၁,၀၀၀ ပါဝင်ပြီး ၁အိတ်ဈေး ငွေကျပ် ၈၀,၀၀၀-၁၀၀,၀၀၀-၁၅၀,၀၀၀ ကျပ်ဖြင့် မှာယူရောင်းချရပြီး တစ်ပတ်လျှင် ကွမ်းသီးအိတ် ၅၀ – ၁၀၀ ထိ ရောင်းချရကြောင်း မအူပင်ဈေးကွက်အတွင်းရောင်းချသူထံမှ သိရသည်။

ဇူလိုင်လက ကွမ်းသီးအကြီးအလုံးလှ ၁လုံးလျှင် ၂၅၀-၃၀၀ ကျပ်၊ အလတ် ၂၀၀ ကျပ်၊ အသေး ၁၅၀ ကျပ်ဖြင့် လုံးကောက်ရောင်းချနေကြောင်း တွေ့ရသည်။ ကွမ်းသီးဈေးများကျဆင်းလာပြီး ဈေးနှုန်းကွာခြားမှုအနေဖြင့် ၁၅၀ ကျပ်ထိ ကျဆင်းလာကြောင်း ဈေးကွက်အတွင်းမှ သိရသည်။ ကွမ်းသီးအခွံချွတ် ၁ ပိဿာလျှင် ၃,၅၀၀ ကျပ်ဖြင့် ရောင်းချနေပြီး ယခင်ဈေးနှင့် ၁,၀၀၀ ကျပ် ကျဆင်းလာကြောင်း တွေ့ရသည်။ ဒေသတွင်း ကွမ်းသီးစိုက်ပျိုးသူများပြားလာခြင်း ကွမ်းသီးထွက်ရှိမှု များပြားလာမှုကြောင့် ဈေးနှုန်းကျဆင်းလာကြောင်း သိရသည်။

Source:https://www.doca.gov.mm/my/node/54827

# နိုင်ငံတကာဈေးကွက်

## အိန္ဒိယနိုင်ငံသည် လာမည့် ၅ နှစ်အတွင်း စိုက်ပျိုးရေးပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် ဆန်အတွက် ကမ္ဘာလုံးဆိုင်ရာဈေးကွက်သစ်များဖွင့်လှစ်ရန် ရည်မှန်းထားကြောင်း ဝန်ကြီး Pralhad Joshi ပြောကြား

အိန္ဒိယနိုင်ငံသည် လာမည့် ၅ နှစ်အတွင်း ၎င်း၏ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် အိန္ဒိယဆန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်သစ်များဖွင့်လှစ်ရန် ရည်ရွယ်ထားကြောင်း စားသုံးသူရေးရာ၊ အစားအသောက်နှင့် အများပြည်သူဖြန့်ဝေရေးဝန်ကြီး Pralhad Joshi က ဗီဒီယိုသတင်း စကားတစ်ခုတွင် ပြောကြားခဲ့သည်။ ၎င်းက

"ကျွန်တော်တို့အနေဖြင့် လာမည့် ၅ နှစ်အတွင်း အများပြည်သူဖြန့်ဝေရေးစနစ်ကို ပြုပြင်ပြောင်းလဲရန်နှင့် ခေတ်မီအောင်လုပ်ဆောင်ရန်၊ စိုက်ပျိုးရေးနှင့် စိုက်ပျိုးရေးအခြေခံပို့ကုန်များကို နှစ်ဆတိုးမြှင့်ရန်နှင့် အိန္ဒိယဆန်အတွက် ကမ္ဘာလုံးဆိုင်ရာ ဈေးကွက်သစ်များဖွင့်လှစ်ရန် ရည်မှန်းထားတယ်"ဟု ၎င်းက ပြောကြားခဲ့ကြောင်း The Hindu Businessline သတင်းဌာနက အောက်တိုဘာလ ၁၅ ရက်က ဖော်ပြထားသည်။

အိန္ဒိယနိုင်ငံသည် ကမ္ဘာလုံးဆိုင်ရာဈေးကွက်များတွင် ၎င်း၏တည်ရှိမှုကို ချဲ့ထွင်နေသော်လည်း ခိုင်မာသော အများပြည်သူဖြန့်ဝေရေးစနစ်မှတစ်ဆင့် နိုင်ငံသားများကိုကာကွယ်စောင့်ရှောက်ရန်မှာ ထိပ်တန်းဦးစားပေးအဖြစ် ဆက်လက်တည်ရှိနေမည်ဟု Joshi က ထပ်လောင်းပြောကြားခဲ့သည်။ ၂၀၂၅ ခုနှစ် ဘာရတ်အပြည်ပြည်ဆိုင်ရာ ဆန်ညီလာခံ(Bharat International Rice Conference–BRIC 2025)ကို စီစဉ်ကျင်းပသည့် အိန္ဒိယဆန်တင်ပို့သူများအဖွဲ့ချုပ်(Indian Rice Exporters Federation–IREF)ကို ဂုဏ်ပြုစကားပြောကြားရာတွင်၎င်းက "ဘာရတ်အပြည်ပြည်ဆိုင်ရာဆန်ညီလာခံ၂၀၂၅သည် ကျွန်တော်တို့၏ဗစ်ဆစ်ဘာရတ် ၂၀၄၇ (Viksit Bharat 2047)သို့ သွားရောက်ရာခရီးစဉ်တွင် အဓိကမှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ပြီး၊ ၎င်းရည်မှန်းချက်၏ ဗဟိုတွင် ကျွန်တော်တို့ရဲ့ တောင်သူများနှင့် စားသုံးသူများ ပါဝင်နေပါတယ်" ဟု ပြောကြားခဲ့သည်။

ဝန်ကြီးက ဆန်ကုန်သွယ်ရေးတွင် နိုင်ငံ၏ ကမ္ဘာလုံးဆိုင်ရာ ဦးဆောင်သူနေရာကို ခိုင်မာစေရန် အစိုးရ၏ ရေရှည်စီမံကိန်းကိုလည်း ချပြပြောကြားခဲ့သည်။ လယ်ယာမှစားသုံးသူအထိ အစားအသောက်ထောက်ပံ့ရေး ကွင်းဆက်တစ်လျှောက်လုံးတွင် အရည်အသွေး၊ ဘေးအန္တရာယ်ကင်းရှင်းရေးနှင့် တတ်နိုင်သောဈေးနှုန်းတို့ကို အာရုံစိုက်ဆောင်ရွက်သွားမည်ဟု ၎င်းက ပြောကြားခဲ့သည်။ Joshi က "အိန္ဒိယနိုင်ငံသည် ကမ္ဘာ့အကြီးဆုံးဆန်ထုတ်လုပ်သူနှင့် ထိပ်တန်းတင်ပို့သူသာမကဘဲ အိမ်ထောင်စုတိုင်းအတွက် အစားအသောက်နှင့် အာဟာရဖူလုံရေးကို အလေးထားဆောင်ရွက်သည့် နိုင်ငံတစ်ခုလည်းဖြစ်တယ်" ဟု ထပ်လောင်းပြောကြားခဲ့သည်။

အစိုးရသည် အရည်အသွေး၏ အမြင့်ဆုံးစံနှုန်းများကို ထိန်းသိမ်းရန်၊ ခြေရာခံနိုင်မှုနှင့် ကုန်ပစ္စည်းအညွှန်း အမှတ်အသားကပ်ခြင်းစနစ်များ တိုးတက်ကောင်းမွန်လာစေရန်တို့မှတစ်ဆင့် ပွင့်လင်းမြင်သာမှုကိုမြှင့်တင်ရန် ဆုံးဖြတ်ထားကြောင်း ဝန်ကြီးကပြောကြားခဲ့သည်။ အဆိုပါဆောင်ရွက်ချက်များသည် ရေရှည်တည်တံ့သော၊ တန်ဖိုးမြှင့်တင်ထားသည့် ဆန်ထွက်ကုန်များ တိုးတက်ကြီးထွားလာမှုကိုလည်း အထောက်အကူပြုမည်ဟု ၎င်းက ပြောကြားခဲ့သည်။

အိန္ဒိယအစိုးရ၏ လာမည့်အစီအစဉ်များကို ပြောကြားရာတွင် ဂျိုရှီက ဝန်ကြီးဌာနသည် အများပြည်သူ ဖြန့်ဝေရေးစနစ်ကို ပြုပြင်ပြောင်းလဲရန်နှင့် ခေတ်မီအောင်လုပ်ဆောင်ရန်၊ ပို့ကုန်ဆိုင်ရာ အခြေခံအဆောက်အအုံများကို ခိုင်မာစေရန်နှင့် တောင်သူများအတွက် အခွင့်အလမ်းသစ်များ ဖန်တီးပေးရန် စီစဉ်ထားကြောင်း ပြောကြားခဲ့သည်။

"ကျွန်တော်တို့ရဲ့ ချဉ်းကပ်မှုက တောင်သူကိုဦးစားပေးပြီး စားသုံးသူကိုဗဟိုပြုထားခြင်းဖြစ်ပြီး၊ ပို့ကုန်တိုးတက်မှုမှတစ်ဆင့် တောင်သူများ၏ သာယာဝပြောမှုနှင့် လူတိုင်းအတွက် အစားအသောက်ဖူလုံရေးတို့နှင့်အတူ လက်တွဲသွားမည်ဖြစ်ကြောင်း အာမခံပါတယ်"ဟု ၎င်းက ပြောကြားခဲ့သည်။ ကမ္ဘာလုံးဆိုင်ရာစိုက်ပျိုးရေးဈေးကွက်တွင် အိန္ဒိယ၏ အလားအလာကို အကောင် အထည်ဖော်နိုင်ရန် သက်ဆိုင်သူအားလုံးကို "မျှော်မှန်းချက်ကြီးကြီးထားရန်နှင့် ရဲရဲဝံ့ဝံ့စီစဉ်ဆောင်ရွက်ရန်" ၎င်းက တိုက်တွန်းခဲ့ကြောင်း သိရသည်။

Source: The Hindu Businessline, India aims to double agri exports, open new global markets for rice in five years: Minister Pralhad Joshi, October 15, 2025., (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21102025_15:19

## ဂါနာနိုင်ငံသည် စက်တင်ဘာလအတွင်း ဗီယက်နမ်နိုင်ငံ၏ အကြီးဆုံးဆန်တင်ပို့သည့် ဈေးကွက်ဖြစ်လာ

ဂါနာနိုင်ငံသည် စက်တင်ဘာလတွင် ဗီယက်နမ်နိုင်ငံမှ ဆန်အများဆုံးဝယ်ယူသူဖြစ်လာခဲ့သည်။ ဖိလစ်ပိုင်မှ တင်သွင်းမှုယာယီရပ်ဆိုင်းပြီးနောက် စုစုပေါင်းတင်ပို့မှု၏ ၂၂ ရာခိုင်နှုန်းနီးပါးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံသည် ပထမ ၉ လအတွင်း ဆန်တန်ချိန် ၆ ဒသမ ၈၃ သန်းတန်တင်ပို့ခဲ့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၄၉ ဘီလီယံရရှိခဲ့သည်။ ပမာဏအားဖြင့် ၂ ဒသမ ၀၅ ရာခိုင်နှုန်းကျဆင်းခဲ့ပြီး တန်ဖိုးမှာ တစ်နှစ်ထက်တစ်နှစ် ၁၉ ဒသမ ၉၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း ဖော်ပြထားသည်။

စက်တင်ဘာတစ်လတည်းတွင် ဗီယက်နမ်နိုင်ငံသည် အမေရိကန်ဒေါ်လာ ၂၃၂ ဒသမ ၃၈ သန်း ကျော်တန်ဖိုးရှိ ဆန်တန်ချိန် ၄၆၆,၈၀၀ တင်ပို့ခဲ့သည်။ ယခင်နှစ် အလားတူကာလနှင့်နှိုင်းယှဉ်ပါက ပမာဏ အားဖြင့် ၄၃ ဒသမ ၂၇ ရာခိုင်နှုန်း၊ တန်ဖိုးအားဖြင့် ၅၄ ဒသမ ၇၃ ရာခိုင်နှုန်းကျဆင်းခဲ့သည်။

ဂါနာ၊ အိုင်ဗရီကို့စ်နှင့် မလေးရှားတို့သည် ဗီယက်နမ်ဆန် ဒုတိယနှင့် တတိယအကြီးဆုံး တင်သွင်းသူများဖြစ်ကြပြီး ဈေးကွက်ဝေစု၏ ၅၁ ရာခိုင်နှုန်းနှင့် ၁၀ ရာခိုင်နှုန်းအသီးအသီးရှိကြသည်။

ဩဂုတ်လအစောပိုင်းတွင် ဖိလစ်ပိုင်အစိုးရသည် ပြည်တွင်းဆန်ဈေးနှုန်းများကျဆင်းမှုကြောင့် ဆန်တင်သွင်းမှုကို စက်တင်ဘာ ၁ ရက်မှ ၂ လကြာရပ်ဆိုင်းကြောင်း ကြေညာခဲ့သည်။ သို့ရာတွင် အခြားဒေသများမှ ဝယ်လိုအားကြီးမားမှုကြောင့် အလုံးစုံတင်ပို့မှုအားကောင်းနေမည်ဟု ဈေးကွက်လေ့လာသူများက ခန့်မှန်းကြသည်။

ဗီယက်နမ်နိုင်ငံ၏ အဓိကဝယ်လက်များထဲမှတစ်ခုဖြစ်သည့် ဖိလစ်ပိုင်သည် ရက်ပေါင်း ၆၀ အတွင်း သွင်းကုန်ပြန်လည် ဖွင့်လှစ်ရန်မဆုံးဖြတ်မီ လက်ရှိအခြေအနေကို အကဲဖြတ်သွားမည်ဖြစ်သည်။ အဆိုပါကာလအတွင်း ဗီယက်နမ်နိုင်ငံအနေဖြင့် ပို့ကုန်လုပ်ငန်းများ ပြုပြင်ပြောင်းလဲရန် သို့မဟုတ် တိုးမြှင့်ရန်အချိန် အလုံအလောက်ရှိမည်ဖြစ်သည်။

ဖိလစ်ပိုင်နိုင်ငံမှ ဆန်တင်သွင်းမှုကို ယာယီရပ်ဆိုင်းထားသော်လည်း ဘင်္ဂလားဒေ့ရှ်၊ တရုတ်နှင့် တောင်အာဖရိကနိုင်ငံများမှ တင်သွင်းမှုမြင့်တက်လာခြင်းကြောင့် ဗီယက်နမ်၏ ပို့ကုန်သည် တစ်နှစ်ပတ်လုံး တန်ချိန် ၈ ဒသမ ၂ သန်းကျော်ရှိမည်ဟု ခန့်မှန်းထားကြောင်း ဖော်ပြထားသည်။

Source: https://vietnamnet.vn/en/ghana-becomes-vietnam-s-largest-rice-export-market-in-september-2451926.html ,(ဝင့်နန္ဒာကျော်ကျော်၊ စီးပွားရေးသံမှူး၊ ဟန်နိုင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21102025_15:30

## ဘာစမာတီမဟုတ်သောဆန် တင်ပို့မှုအပေါ် မှတ်ပုံတင်ကြေး တစ်တန်လျှင် ၈ ရူပီးနှုန်း အိန္ဒိယအစိုးရစည်းကြပ်မည်

ပြည်ပသို့ ဘာစမာတီမဟုတ်သောဆန်များ တင်ပို့ရာတွင် ကုန်အရောင်းစာချုပ်များကို မဖြစ်မနေမှတ်ပုံတင်ရန် အမိန့် ထုတ်ပြန်ခဲ့ပြီးနောက် အဆိုပါဆန်မျိုးများကို အိန္ဒိယ၏ ထုတ်ကုန်အမှတ်တံဆိပ်တစ်ခုအဖြစ် မြှင့်တင်နိုင်ရန်အတွက် အိန္ဒိယ အစိုးရသည် ဆန်ပို့ကုန် တစ်တန်လျှင် ၈ ရူပီးနှုန်းဖြင့် မှတ်ပုံတင်ကြေး စည်းကြပ်ကောက်ခံရန် ဆုံးဖြတ်ခဲ့ကြောင်း သိရသည်။

လက်ရှိကာလတွင် ဘာစမာတီမဟုတ်သော ဆန်မျိုးကွဲများစွာကို ကုန်အမှတ်တံဆိပ်မပါဘဲ ဝမ်းပုံစနစ်ဖြင့် တင်ပို့လျက် ရှိပြီး ပြည်ပနိုင်ငံများ၌ တင်သွင်းသူများက ပြန်လည်ထုပ်ပိုး၍ လက်လီရောင်းချလျက်ရှိရာ အိန္ဒိယဆန်မျိုးများမှာ ကိုယ်ပိုင် အမှတ်လက္ခဏာ ဆုံးရှုံးလျက်ရှိသည်။

မကြာသေးမီက မှတ်ပုံတင်ကြေး တိုးမြှင့်ကောက်ခံမှုကို ကြုံတွေ့ခဲ့ရသော ဘာစမာတီဆန်တင်ပို့သည့် လုပ်ငန်း နယ်ပယ်နှင့် ကွဲပြားခြားနားလျက် ဘာစမာတီမဟုတ်သောဆန်များ တင်ပို့မှုပြုသည့် ပို့ကုန်လုပ်ငန်းရှင်အသင်းအဖွဲ့ ၃ ခုလုံးက အစိုးရ၏ ယခုကဲ့သို့လုပ်ဆောင်ချက်အပေါ် ထောက်ခံအားပေးခဲ့ကြပြီး သိသာထင်ရှားသော အကျိုးရလဒ်များ ထွက်ပေါ်လာ မည်ဟု မျှော်လင့်လျက်ရှိကြသည်။

ချတ္တီဂါပြည်နယ်ရှိ ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်း (TREACG)မှ ဥက္ကဋ္ဌ Mukesh Jain က လုပ်ငန်းနယ်ပယ်ရှိ သက်ဆိုင်သူများနှင့် တိုင်ပင်ဆွေးနွေးမှုအဆင့်တွင် အဆိုပါ ဆုံးဖြတ်ချက်ကို တညီတညွတ်တည်း ချမှတ်ခဲ့ခြင်းဖြစ်ကြောင်း၊ အရောင်းစာချုပ်များ မှတ်ပုံတင်ရမည့် အစီအစဉ်ကို စက်တင်ဘာ ၂၄ ရက်၌ ထုတ်ပြန်ကြေညာခြင်းမပြုမီ ဘာစမာတီမဟုတ် သောဆန်များ တင်ပို့သည့်ကုန်သည်အသင်း ၃ ခုလုံးက ထောက်ခံခဲ့ကြကြောင်း ပြောဆိုခဲ့သည်။

မကြာသေးမီက လယ်ယာထွက်ကုန်နှင့် ပြုပြင်ပြီးစားသောက်ကုန်များ တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးအာဏာပိုင်အဖွဲ့ (APEDA) သည် ဘာစမာတီဆန် အရောင်းစာချုပ်များ မှတ်ပုံတင်ကြေးကို ဆန်တစ်တန်လျှင် ရူပီး ၃၀ နှုန်း ကောက်ခံရာမှ ရူပီး ၇၀ နှုန်းသို့ မြှင့်တင်ခဲ့သည်။ ထိုကဲ့သို့ နှုန်းထားမြင့်မားစွာ တိုးမြှင့်ခြင်းအပေါ် ၎င်းတို့အနေဖြင့် သီးသန့်တောင်းဆိုပိုင်ခွင့် ရှိကြောင်းဖော်ပြလျက် ဟာရီယာနာပြည်နယ်အခြေစိုက်ဆန်တင်ပို့သူများကကန့်ကွက်ခဲ့ကြသည်။ သို့သော်မူလကဆန်တစ်တန် လျှင် ရူပီး ၁၀၀ နှုန်းအထိတိုးမြှင့်ရန် အဆိုပြုခဲ့သည့် ယခုကဲ့သို့ မှတ်ပုံတင်ကြေးတိုးမြှင့်မှုအပေါ်မည်သည့် ဘာစမာတီဆန် တင်ပို့သူကမျှ သီးသန့်အခွင့်အရေးတောင်းဆိုခြင်းမရှိကြောင်း တရားဝင်သတင်းအရင်းအမြစ်များက ပြောဆိုထားကြသည်။

ဘာစမာတီဆန် လုပ်ငန်းနယ်ပယ်၌ စာချုပ်မှတ်ပုံတင်ခြင်းကို ကာလကြာမြင့်စွာကပင် လုပ်ဆောင်လာခဲ့ခြင်းဖြစ်၍ ယခုကဲ့သို့လုပ်ဆောင်မှုသည် APEDA အာဏာပိုင်အဖွဲ့အတွက် ဘာစမာတီမဟုတ်သောဆန်နှင့်ပတ်သက်သည့် အချို့သော အချက်အလက်များကိုရရှိစေနိုင်မည်ဖြစ်ကြောင်း၊ APEDA သည် စာချုပ်မှတ်ပုံတင်လုပ်ငန်းမှတစ်ဆင့် မည်သည့်ဝယ်လက် နိုင်ငံများသို့ ကုန်စည်မည်မျှထွက်ရှိသည်ကို ခြေရာခံနိုင်မည်ဖြစ်ကြောင်း၊ ပေးပို့တင်ပြလာသည့် ကုန်အရောင်း စာချုပ်များကို အလွန်လျင်မြန်စွာ အတည်ပြုပေးနိုင်သည်နှင့်အမျှ ဘာစမာတီမဟုတ်သောဆန်တင်ပို့မှုအတွက် ယခုစနစ်သည် ကောင်းမွန်မှု ရှိကြောင်း၊ ၎င်း အာဏာပိုင်အဖွဲ့အနေဖြင့် ကောက်ခံရရှိသော မှတ်ပုံတင်ကြေးငွေများကို ဘာစမာတီမဟုတ်သောဆန်တင်ပို့မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာ၌ အသုံးပြုရန်ရည်ရွယ်ထားသဖြင့် ယခုလုပ်ဆောင်ချက်မှာ ကြိုဆိုရမည့် အဆင့်တစ်ရပ်ပင် ဖြစ်ကြောင်း စသည်ဖြင့် ဆန်တင်ပို့သူများအသင်း (TREA) ၏ ဥက္ကဋ္ဌ BV Krishna Rao က ပြောကြားခဲ့သည်။

အိန္ဒိယ ဆန်ပို့ကုန်လုပ်ငန်းရှင်များအသင်းချုပ် (IREF) ၏ ဥက္ကဋ္ဌ Prem Garg ကလည်း ဘာစမာတီ မဟုတ်သောဆန် အရောင်းစာချုပ်များမှတ်ပုံတင်ရန် အစပြုဆောင်ရွက်ချက်သည် တိုးတက်မှုအဆင့်တစ်ရပ်ဖြစ်ပြီး ကြိုဆိုလက်ခံရမည်ဖြစ် ကြောင်း၊ APEDA ၏ ယခုစနစ်ကို အကောင်အထည်ဖော်ဆောင်မှုနှင့်အတူ ပို့ကုန်လုပ်ငန်းရှင်များသည် တစ်တန်လျှင် ၈ ရူပီးနှုန်း ပေးဆောင်လျက် အင်တာနက်ကွန်ရက်မှတစ်ဆင့် မှတ်ပုံတင်လက်မှတ် ရရှိနိုင်မည်ဖြစ်ကြောင်း၊ ၎င်းနှုန်းထားသည် ဝန်ထုပ် ဝန်ပိုးမဖြစ်စေဘဲ ကမ္ဘာ့ဈေးကွက်၌ အိန္ဒိယဆန်များ ဝင်ရောက်မှုကို မြှင့်တင်ရာတွင်သုံးစွဲမည့် ဆန်ကုန်သွယ်မှုဖွံ့ဖြိုးတိုးတက် ရေးရန်ပုံငွေသို့ ထည့်ဝင်မှုဖြစ်စေမည် ဖြစ်ကြောင်း ပြောဆိုခဲ့သည်။

Mr. Garg ၏ အဆိုအရ ၎င်းစနစ်သည် အမှန်တကယ်တင်ပို့သော ဆန်ပမာဏကို ထိန်းချုပ်မှုနှင့် စောင့်ကြည့် ကြပ်မတ်မှု တွင် ပိုမိုကောင်းမွန်အောင် အထောက်အပံ့ပြုမည်ဖြစ်ပြီး ဘက်စုံလွှမ်းခြုံမှုရှိသည့် ပို့ကုန်ဈေးကွက်ဆိုင်ရာ အချက်အလက်စနစ် ကိုလည်း ဖန်တီးပေးစွမ်းနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ ပွင့်လင်းမြင်သာမှုရှိခြင်းက အိန္ဒိယ၏ ဆန်ကုန်သွယ်မှုအပေါ် ယုံကြည် လက်ခံနိုင်စွမ်းကို ကောင်းမွန်စေသည့်အပြင် မူဝါဒချမှတ်ဆောင်ရွက်ရာတွင်လည်း ခိုင်မာသည့်အခြေခံအချက်များကို ထောက်ပံ့ ပေးမည်ဖြစ်ကြောင်း သိရသည်။

ဆန်ကုန်သွယ်ရောင်းဝယ်ရာတွင် ရောင်းသူ သို့မဟုတ် ဝယ်သူဘက်မှ လုပ်ဆောင်ရန်ပျက်ကွက်ခြင်း သို့မဟုတ် အငြင်းပွားမှုတစ်စုံတစ်ရာပေါ်ပေါက်ခြင်းတို့ဖြစ်ပေါ်ပါက ဖြေရှင်းပေးနိုင်ရေးအတွက် သက်ဆိုင်သူများအနေဖြင့် မှတ်ပုံတင်ထား သည့် မှတ်တမ်းမှတ်ရာများနှင့်အတူ IREF အသင်းသို့ ချဉ်းကပ် လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ပို့ကုန်လုပ်ငန်းရှင်များ၏ အကျိုး စီးပွားကိုအကာအကွယ်ပေးနိုင်ရန်အတွက် ထိုကဲ့သို့သောအမှုကိစ္စများ ပေါ်ပေါက်လာပါက IREF သည် APEDA အာဏာပိုင်အဖွဲ့ နှင့်အတူ ဖြေရှင်း ဆောင်ရွက်မည်ဖြစ်သည်။

IREF အသင်းချုပ်၏ တောင်းဆိုမှုအရ ညွှန်ကြားချက်အပေါ် လိုက်နာဆောင်ရွက်မှု လွယ်ကူချောမွေ့စေရေးနှင့် ပိုမိုကျယ်ပြန့်စွာ ပါဝင်လုပ်ဆောင်လာစေရေးအတွက် APEDA အာဏာပိုင်အဖွဲ့သည် မှတ်ပုံတင်ခြင်း လုပ်ငန်းစဉ်အသစ်နှင့် စပ်လျဉ်း၍ ပို့ကုန်လုပ်ငန်းရှင်များကို လမ်းညွှန်ပြသပေးမည့် အသိပညာပေး ဆွေးနွေးပွဲတစ်ရပ်ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

Source: The Hindu Business Line, 25 Sept 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: [https://www.doca.gov.mm/my/node/52418](https://www.doca.gov.mm/my/node/52418)

## ဖိလစ်ပိုင်နိုင်ငံတွင် ဆန်တင်သွင်းမှုယာယီရပ်ဆိုင်းထားခြင်းကို ၂၀၂၅ ခုနှစ်၊ နှစ်ကုန်သည်ထိ သက်တမ်းတိုးသွားမည်ဖြစ်

ဖိလစ်ပိုင်နိုင်ငံတွင် စပါးရိတ်သိမ်းထွက်ရှိမည့်ရာသီတွင် ပြည်တွင်းဈေးကွက်တည်ငြိမ်မှုရှိစေရန် ဆန်တင်သွင်းမှု ရပ်ဆိုင်းထားခြင်းကို ၂၀၂၅ ခုနှစ် နှစ်ကုန်သည်ထိသက်တမ်းတိုးသွားမည်ဖြစ်ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးက ပြော ကြားခဲ့သည်။ ၂၀၂၆ ခုနှစ် ဇန်နဝါရီလတစ်လတည်းသာ ဆန်တင်သွင်းခွင့်အား ပြန်လည်ခွင့်ပြုသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီလ တွင် တင်သွင်းခွင့်ပြန်လည် ရပ်သိမ်းသွားမည်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။ ပြည်တွင်းရှိ ဆန်တောင်သူများအနေဖြင့် စပါး လက်ကျန်ပိုလျှံနေမှုကြောင့် စပါးဈေးနှုန်းကျဆင်းနေမှုဒဏ်ကို ခံစားနေရသည့်အတွက် ၎င်းတို့အနေဖြင့် ဆုံးရှုံးမှုများထပ်မံမဖြစ် စေရန်ရည်ရွယ်၍ ယခုကဲ့သို့ဆောင်ရွက်ရခြင်းဖြစ်ကြောင်း ဖော်ပြထားသည်။

ပြည်တွင်းဆန် လိုအပ်ချက်ပမာဏအပေါ်မူတည်ပြီး ဆန်တင်သွင်းလျက်ရှိရာ ၂၀၂၅ ခုနှစ် စက်တင်ဘာလကုန်အထိ ဆန်တန်ချိန် ၃ ဒသမ ၅ သန်းတင်သွင်းရောက်ရှိထားပြီးဖြစ်ပြီး ၂၀၂၄ ခုနှစ် အလားတူကာလက ဆန်တန်ချိန် ၂ ဒသမ ၇ သန်းသာ တင်သွင်းခဲ့ခြင်းဖြစ်သောကြောင့် တင်သွင်းမှု ပိုမိုမြင့်တက်ခဲ့သည်ကို တွေ့ရသည်။ ဖိလစ်ပိုင်နိုင်ငံ၏ ဆန်တင်သွင်းမှုမှာ နှစ်စဉ်တန်ချိန် ၃ ဒသမ ၆ သန်းခန့် သို့မဟုတ် တစ်လလျှင် ဆန်တန်ချိန် ၃ သိန်းခန့်သာ လိုအပ်ချက်ရှိသော်လည်း ၂၀၂၄ ခုနှစ်အတွင်း ပြည်တွင်းဆန်လိုအပ်ချက်ထက် တန်ချိန် ၁ ဒသမ ၂ သန်းပိုမို၍ ဆန်တန်ချိန် ၄ ဒသမ ၈ သန်းထိ စံချိန်တင် တင်သွင်းခဲ့ကြောင်း ဖိလစ်ပိုင်စိုက်ပျိုးရေးဝန်ကြီးမှ ပြောကြားထားသည်။

ထို့ပြင် သမ္မတမားကို့စ်ဂျူနီယာသည် ၂၀၂၄ ခုနှစ်က ပြည်တွင်းရှိ ဆန်လက်လီဈေးနှုန်းများ ကျဆင်းမှုရှိစေရန် ဆန်တင်သွင်းမှုအပေါ် ကောက်ခံသည့်အခွန်နှုန်းထားကို ၃၅ ရာခိုင်နှုန်းမှ ၁၅ ရာခိုင်နှုန်းထိ လျှော့ချပေးခဲ့ခြင်းအစား မူလအတိုင်း ၃၅ ရာခိုင်နှုန်းသို့ ပြန်လည်တိုးမြင့်သွားရန်ကိုလည်း ညှိနှိုင်းဆွေးနွေးလျက်ရှိကြောင်း၊ အခွန်နှုန်းထားလျှော့ချပေးခဲ့သဖြင့် တိုင်းပြည်၏ အခွန်ရရှိငွေသည် ၂၀၂၄ ခုနှစ်အတွင်း ပီဆို ဘီလီယံ ၂၀ ခန့်လျော့ကျခဲ့ကြောင်း၊ ထို့အတွက် စိုက်ပျိုးရေးဝန်ကြီးဌာနအနေဖြင့် သမ္မတ၏ အခွန်နှုန်း ပြန်လည်မြှင့်တင်မည့်အစီအစဉ်အပေါ် ကန့်ကွက်ရန်မရှိကြောင်း ဖော်ပြပါရှိသည်။

ဖိလစ်ပိုင်နိုင်ငံတွင် အနောက်တောင်မုတ်သုံလေနှင့် တိုင်ဖွန်းများဖြစ်ပွားပြီး ရာသီဥတုဆိုးရွားခဲ့သော်လည်း စပါးထွက်ရှိမှုပမာဏ တန်ချိန် ၂၀ ဒသမ ၂၉ သန်းမှ ၂၀ ဒသမ ၅၁ သန်းခန့်နှင့်ညီမျှသည့် ဆန်တန်ချိန် ၁၂ ဒသမ ၇၈ သန်းမှ ၁၂ ဒသမ ၉၁၂ သန်းထိ စံချိန်တင်မြင့်တက်ထွက်ရှိခဲ့ကြောင်း၊ သို့ဖြစ်၍ ဆန်လက်ကျန် ပမာဏသည် ၂၀၂၅ ခုနှစ် နှစ်ကုန်တွင် တန်ချိန် ၃ ဒသမ ၂၄ သန်း မှ ၄ ဒသမ ၀၆ သန်းခန့်ထိရှိနိုင်ပြီး ပြည်တွင်းစားသုံးရန် ရက်ပေါင်း ၈၅ ရက်မှ ၁၀၆ ရက်ထိ ဖူလုံမှုရှိကြောင်း၊ ဆန်တင်သွင်းမှုအား ရက်ပေါင်း ၆၀ မှ ၁၂၀ အတွင်းရပ်ဆိုင်းခဲ့သော်လည်း ဆန်လက်ကျန်ပမာဏလုံလောက်နေဆဲဖြစ်ကြောင်း ဖော်ပြထားသည်။

တစ်ချိန်တည်းမှာပင် ဖိလစ်ပိုင်အမျိုးသားစားနပ်ရိက္ခာအာဏာပိုင်အဖွဲ့ (National Food Authority – NFA)မှ ပြည်တွင်းတောင်သူများထံမှ တစ်အိတ်လျှင် စပါး ၅၀ ကီလိုပါ အိတ်ပေါင်း ၄ သန်းအား တစ်ကီလို လျှင်အနိမ့်ဆုံးဈေး ၁၇ ပီဆိုဖြင့် ဝယ်ယူပေးသွားမည်ဖြစ်ပြီး တောင်သူ ၄ သောင်းခန့် အကျိုးအမြတ်ရရှိစေနိုင်မည်ဖြစ်သည်။ သမ္မတရုံးမှလည်း အမိန့်ကြော်ငြာစာနှစ်ခုထုတ်ပြန်ကြေညာသွားရန် ပြင်ဆင်လျက်ရှိပြီး တစ်ခုမှာ အစိုးရက စပါးဝယ်ယူရေးအတွက် ကြမ်းခင်းဈေးသတ်မှတ်သွားမည့်ကိစ္စနှင့် ကျန်တစ်ခုမှာ ပီဆို ၃ ဘီလီယံအား အရေးပေါ်အခြေအနေတွင် သယ်ယူပို့ဆောင်ရေး၊ ဆန်သိုလှောင်ရုံများငှားရမ်းရေး၊ သယ်ယူမည့်ကုန်ကားများနှင့် မုန်တိုင်းကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့်ကောက်ပဲသီးနှံများ အစိုးရက ဝယ်ယူပေးရေးလုပ်ငန်းများတွင် သုံးစွဲသွားရန်အတွက် ရန်ပုံငွေခွဲဝေချထားပေးရန်ဖြစ်ကြောင်း ဖော်ပြပါရှိသည်။

Source:https://www.da.gov.ph/da-chief-says-rice-import-ban-to-be-extended-till-yearend/

(ကောသွယ်ခိုင်၊ စီးပွားရေးသံမှူး၊ မနီလာမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15102025_13:45

## ပိုးသတ်ဆေးဓာတ်ကြွင်းများပါဝင်သဖြင့် တရုတ်နိုင်ငံမှ အဝယ်ရပ်၍ ပဲတီစိမ်းဈေးကျ

မြန်မာဘက်မှတင်ပို့လိုက်သောပဲတီစိမ်းတန်ချိန် ၁ သောင်းကျော်တွင် ပိုးသတ်ဆေးသိုင်ယာမီသိုဇမ် (Thiamethoxam) နှင့် မှိုသတ်ဆေး(Trycyclazole) ဓာတ်ကြွင်းနှစ်မျိုးများနေသည်ဆိုကာ တရုတ်မှလက်မခံဘဲ ပြန်ပို့ခဲ့သဖြင့် ပဲကုမ္ပဏီအချို့ တင်ပို့မှုရပ်ဆိုင်းခဲ့ရသလို ပြည်တွင်းဈေးကွက်တွင်လည်းပဲတီစိမ်းဈေးနှုန်းများကျဆင်းနေကြောင်းကုန်သည်များထံမှ သိရသည်။

အဆိုပါကိစ္စရပ်ကြောင့် ပြည်တွင်းပဲဈေးကွက်အတွင်း ပဲတီစိမ်းအရောင်းအဝယ်အေးကာ ယခင်က ပဲတီစိမ်း တစ်အိတ်လျှင် ကျပ် ၄ သိန်းကျော်ရှိရာမှ လက်ရှိတွင် အမြင့်ဆုံး ကျပ် ၃ သိန်း ၂ သောင်း ကျပ်သာ ရှိပြီး ဈေးများကျဆင်းခဲ့ကြောင်း သိရသည်။ Source: https://www.doca.gov.mm/my/node/53954

## ပဲမျိုးစုံ ထုတ်လုပ်မှုမြှင့်တင်ရေး ၆ နှစ်အတွင်း ရူပီး ၁၁၄ ဘီလီယံ သုံးစွဲရန် အိန္ဒိယအစိုးရအဖွဲ့ အတည်ပြု

အိန္ဒိယနိုင်ငံ၌ ကိုယ်ပိုင်ထုတ်လုပ်နိုင်စွမ်းဖြင့် ပဲမျိုးစုံဖူလုံမှုရရှိရေး အထူးလုပ်ငန်းတာဝန် (Mission for Aatmanirbharta in Pulses) ကို ချမှတ်ထားရှိရာ ပြည်ထောင်စုအစိုးရအဖွဲ့သည် ပဲမျိုးစုံထုတ်လုပ်မှုမြှင့်တင်ရေး ရည်မှန်းချက်အောင်မြင်မှုရရှိနိုင်ရန်အတွက် ရူပီးငွေ ၁၁၄ ဒသမ ၄၀ ဘီလီယံကို ကျခံသုံးစွဲရန် အတည်ပြုခဲ့ကြောင်း သိရသည်။

သုတေသနလုပ်ငန်းများ၊ မျိုးစေ့ဖွံ့ဖြိုးမှုစနစ်များ၊ စိုက်ပျိုးဧရိယာတိုးချဲ့မှုများ၊ ဝယ်ယူရေးနှင့် ဈေးနှုန်း တည်ငြိမ်ရေး လုပ်ငန်းများအပါအဝင် ဘက်စုံလွှမ်းခြုံမှုရှိသော မဟာဗျူဟာတစ်ရပ်ကို ချမှတ်ကျင့်သုံးမှုပြု သည့် အထူးလုပ်ငန်းတာဝန်ကို ၂၀၂၅အောင်မြင်မှုရရှိအောင် နှစ်တာ ကာလအတွင်း ဖေဘဏ္ဍာနှစ်မှစတင်၍ ၂၆- အကောင်အထည်ဖော်ဆောင်ရွက်မည် ဖြစ်သည်ဟု အစိုးရက ကြေညာချက်ထုတ်ပြန်ထားသည်။

အဆိုပါ အထူးလုပ်ငန်းတာဝန်တွင် စပါးစိုက်ပျိုးမှုမရှိသော ပလပ်မြေများနှင့် အခြားချဲ့ထွင်နိုင်မည့် မြေနေရာများတွင် ပဲမျိုးစုံစိုက်ဧရိယာကို နောက်ထပ် ဟက်တာ ၃ ဒသမ ၅ သန်းတိုးချဲ့စိုက်ပျိုးရန် ရည်မှန်းထားပြီး သီးညှပ်စိုက်ပျိုးခြင်းနှင့် သီးနှံမျိုးစုံဖြန့်ကျက်စိုက်ပျိုးခြင်းများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။ ထိုသို့တိုးချဲ့စိုက်ပျိုးရန်အတွက် အစိုးရသည် သီးနှံမျိုးစေ့ အိတ်ပေါင်း ၈ ဒသမ ၈ သန်းကိုတောင်သူများထံသို့ အခမဲ့ဖြန့်ဝေပေးမည်ဖြစ်သည်ဟုသတင်းထုတ်ပြန်ချက်၌ဖော်ပြထားသည်။

ပဲမျိုးစုံဖူလုံရေး အထူးလုပ်ငန်းတာဝန်၏အဓိကလက္ခဏာရပ်မှာ အစိုးရ၏ဈေးနှုန်းအရ အထောက်အပံ့ ပေးအပ်ရေး အစီအစဉ်(PM-AASHA)တွင် ပါဝင်လျက်ရှိသော ပဲစင်းငုံ၊ မတ်ပဲနှင့် ပဲနီလေးတို့ကို ဝယ်ယူရေးလုပ်ဆောင်မှု အမြင့်မားဆုံးဖြစ် စေရန်ပင်ဖြစ်သည်။ အိန္ဒိယအစိုးရသည် ၎င်းအထောက်အပံ့ပေးအပ်မှု အစီအစဉ်၌ သုံးစွဲမည့်ငွေပမာဏကိုလည်း ရူပီး ၄၅၀ ဘီလီယံမှ ရူပီး ၆၀၀ ဘီလီယံသို့ မြှင့်တင်ခဲ့ကြောင်း သိရသည်။ Source: Informist Media, 1 October 2025

(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့)

Source: https://www.doca.gov.mm/my/node/52422

## အိန္ဒိယအစိုးရက ၂၀၃၀-၃၁ သီးနှံနှစ်တွင် ပဲမျိုးစုံထုတ်လုပ်မှု ၄၀ ရာခိုင်နှုန်း တိုးမြှင့်ရန် ရည်မှန်းဆောင်ရွက်လျက်ရှိ

ပဲမျိုးစုံထုတ်လုပ်မှုကို ၂၀၃၀-၃၁ သီးနှံနှစ်တွင် လက်ရှိထက် ၄၀ ရာခိုင်နှုန်းတိုးမြှင့်၍ တန်ချိန် သိန်း ၃၅၀ (သန်း ၃၅) အထိ ရရှိရန် အစိုးရက ရည်မှန်းချက်ချမှတ်ထားကြောင်း စိုက်ပျိုးရေးဝန်ကြီး ရှိဗ်ရာ့ဂျ် ဆင်းဂျ်ချူဟန်က ပြောကြားခဲ့သည်။

ပဲမျိုးစုံထုတ်လုပ်မှုတွင် မိမိကိုယ်ကိုယ်ပြည့်ပြည့်ဝဝအားထားနိုင်ရေးအတွက် ရည်ရွယ်သည့် ဗဟိုအစီအစဉ်တစ်ရပ်ကို ရူပီး ၁၁,၄၄၀ ကုဋေ(ရူပီး ၁၁၄,၄၀၀ သန်း)ရင်းနှီးမြှုပ်နှံမှုဖြင့် ၆ နှစ်အတွင်း အကောင်အထည်ဖော်ရန် ပြီးခဲ့သည့်ရက်ပိုင်းက အစိုးရဝန်ကြီးများအဖွဲ့က အတည်ပြုခဲ့ကြောင်းနှင့် ထိုအစီအစဉ်အား မိမိကိုယ်ကိုယ်အားထားနိုင်သည့် ပဲမျိုးစုံမစ်ရှင်(Mission for Aatmanirbharta in Pulses Production)အမည်ဖြင့် ၂၀၂၅-၂၆ ခုနှစ်မှ ၂၀၃၀-၃၁ ခုနှစ်ကာလအတွင်း အကောင်အထည် ဖော်မည်ဖြစ်ကြောင်း သိရသည်။

ဝန်ကြီးက သတင်းစာရှင်းလင်းပွဲ၌ပြောကြားရာတွင် ပဲမျိုးစုံစိုက်ဧရိယာနှင့် စိုက်ခင်းများ၏ ထုတ်လုပ်မှုစွမ်းရည်ကို တိုးမြှင့်ခြင်းဖြင့် လာမည့်ခြောက်နှစ်အတွင်း ပဲထုတ်လုပ်မှုကို တိုးလာမည်ဖြစ်ကြောင်း၊ ရည်မှန်းချက်အောင်မြင်ရန် ယုံကြည် စိတ်အပြည့်ရှိကြောင်းနှင့် လယ်သမားများ၏ အကျိုးစီးပွားကိုကာကွယ်ရန်အတွက် ပဲမျိုးစုံတင်သွင်းခွန်ဆိုင်ရာ သင့်လျော်သော ဆုံးဖြတ်ချက်များကိုလည်း အစိုးရကချမှတ်သွားမည်ဟု ဝန်ကြီးက ပြောကြားခဲ့သည်။

နိုင်ငံတော်၏ ပဲမျိုးစုံပျမ်းမျှထုတ်လုပ်မှုစွမ်းရည်ထက် သိသိသာသာနိမ့်ကျနေသော ဒေသပေါင်း ၁၀၀ ကို အစိုးရမှ ခွဲခြား သတ်မှတ်ထားကြောင်း၊ ယခုအချိန်ထိ ပဲမျိုးစုံတွင် ဖူလုံမှုမရှိသေးကြောင်း၊ အိန္ဒိယသည် ကမ္ဘာ့အကြီးဆုံး ပဲထုတ်လုပ်သည့် နိုင်ငံဖြစ်သော်လည်း အကြီးမားဆုံးသုံးစွဲသည့်နိုင်ငံလည်းဖြစ်ကြောင်း၊ ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းရန်အတွက် ပဲမျိုးစုံ အမြောက်အမြားကို တင်သွင်းရန် လိုအပ်နေသေးကြောင်း ချူဟန်က အလေးထားပြောကြားခဲ့သည်။

ပဲမျိုးစုံမစ်ရှင်၏ ရည်ရွယ်ချက်မှာ ထုတ်လုပ်မှုကိုတိုးမြှင့်ကာ အိန္ဒိယကို ကိုယ်ပိုင်ဖူလုံမှုရှိအောင် ပြုလုပ်ရန်ဖြစ်ကြောင်း၊ ၂၀၃၀-၃၁ ခုနှစ်တွင် ပဲမျိုးစုံစိုက်ဧရိယာကို လက်ရှိ ဟက်တာ ၂၇၅ သိန်းမှ ၃၁၀ သိန်းသို့ တိုးမြှင့်သွားမည်ဖြစ်ကြောင်း၊ ၂၀၂၃ - ၂၄ ခုနှစ်တွင် ပဲမျိုးစုံထုတ်လုပ်မှုမှာ တန်ချိန် ၂၄၂ သိန်း(၂၄ ဒသမ ၂ သန်း)ရှိရာမှ ၂၀၃၀ -၃၁ ခုနှစ်တွင် တန်ချိန် သိန်း ၃၅၀(၃၅ သန်း)အထိရရှိရန် ရည်မှန်းထားကြောင်းနှင့် ၂၀၂၄-၂၅ သီးနှံနှစ်(ဇူလိုင်-ဇွန်)တွင် ပဲမျိုးစုံထုတ်လုပ်မှုသည် တန်ချိန်၂၅၂ ဒသမ ၃၈ သိန်း (၂၅ ဒသမ ၂၃၈ သန်း)အထိရှိမည်ဟု ခန့်မှန်းထားကြောင်း ချူဟန်က ပြောကြားထားသည်။

ပဲမျိုးစုံ၏ ပျမ်းမျှထုတ်လုပ်မှုစွမ်းရည်ကို လက်ရှိတစ်ဟက်တာလျှင် ၈၈၁ ကီလိုဂရမ်မှ ၁,၁၃၀ ကီလိုဂရမ်သို့ တိုးမြှင့် သွားမည်ဟုလည်း ချူဟန်က ပြောကြားခဲ့သည်။

ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဝန်ကြီးကလည်း ယခုနှစ်ဘဏ္ဍာရေးနှစ်တွင် ကြေညာခဲ့သည့် ဤမစ်ရှင်သည် အထူးသဖြင့် ပဲနီလေး၊ မတ်ပဲနှင့် ပဲနီလေး(tur, urad and masur)တို့၏ထုတ်လုပ်မှုကို တိုးမြှင့်ရန် အာရုံစိုက်မည်ဖြစ်ပြီး မှတ်ပုံတင်ထားသော လယ်သမားများထံမှ Nafed နှင့် NCCF အစိုးရအေဂျင်စီများက ဈေးနှုန်းအာမခံချက်ဖြင့် ဝယ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

ယင်းမစ်ရှင်အောက်တွင် ပဲမျိုးစုံ၏ထုတ်လုပ်မှုစွမ်းရည်နှင့် စုစုပေါင်းထွက်နှုန်းတိုးတက်စေရန် အထွက်နှုန်းမြင့်နှင့် ရောဂါခံနိုင်ရည်ရှိသော မျိုးစေ့များကို ဗဟိုအစိုးရက ပံ့ပိုးကူညီသွားမည်ဟု ချူဟန်က ပြောကြားခဲ့သည်။

Source: Government eyes to increase pulses production by 40% by 2030–31 crop year, The Economic Times, 9 October, 2025. ,(မျိုးမြင့်မောင်၊ စီးပွားရေးသံမှူး၊ နယူးဒေလီမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15102025_13:38

## ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနီးကပ်လာမှုနှင့်အတူ ဘရာဇီးလ်သည် တရုတ်နိုင်ငံသို့ ပဲပုပ်နှင့် အမဲသားတင်ပို့မှုကို မြှင့်တင်ခဲ့

ဘရာဇီးလ်နိုင်ငံသည် တရုတ်နိုင်ငံသို့ ပဲပုပ်နှင့် အမဲသားတင်ပို့မှုကို မြှင့်တင်လျက်ရှိပြီး ကမ္ဘာ့ကုန်သွယ်ရေးစိန်ခေါ်မှုများနှင့် အကောက်ခွန်ဖိအားများကြားတွင် တရုတ်နှင့် လက်တင်အမေရိကနိုင်ငံများအကြား ကုန်သွယ်မှုခိုင်မာလာခြင်းကို မီးမောင်းထိုးပြသည့်လုပ်ရပ်တစ်ခုဟု တရုတ်ကျွမ်းကျင်သူတစ်ဦးက ပြောကြားခဲ့သည်ဟု သိရသည်။

ဇန်နဝါရီလမှ အောက်တိုဘာလအတွင်း ဘရာဇီးလ်နိုင်ငံသည် ပဲပုပ်တန်ချိန် ၁၀၂ သန်းခန့် တင်ပို့နိုင်ဖွယ်ရှိပြီး ၂၀၂၃ ခုနှစ်တွင် စံချိန်တင်ခဲ့သည့် တန်ချိန် ၁၀၁ သန်းထက် ကျော်လွန်တင်ပို့နိုင်ခဲ့ကြောင်း ဘရာဇီးလ်အမျိုးသားသီးနှံတင်ပို့သူများအသင်း(Brazilian National Association of Grain Exporters –ANEC)မှ ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

ANEC ၏ကိန်းဂဏန်းများအရ တရုတ်နိုင်ငံသည် ဘရာဇီး၏ ပဲပုပ်အများဆုံးတင်ပို့သည့် နေရာဖြစ်ကြောင်း၊ လက်ရှိအချိန်တွင် ဘရာဇီးလ်မှ ပဲပုပ်တင်ပို့မှု၏ ၇၉ ရာခိုင်နှုန်းသည် တရုတ်နိုင်ငံသို့ တင်ပို့ခြင်းဖြစ်ကြောင်း သိရသည်။

ပဲပုပ်အပြင် အမဲသားကဲ့သို့သောအခြားထုတ်ကုန်များသည်လည်း တရုတ်ဈေးကွက်တွင် နေရာယူလျက်ရှိကြောင်း၊ တရုတ်နိုင်ငံသို့ ဘရာဇီးလ်၏ အမဲသားတင်ပို့မှုသည် စက်တင်ဘာလတွင် တစ်နှစ်ထက်တစ်နှစ် ၃၈ ဒသမ ၃ ရာခိုင်နှုန်းမြင့်တက်ခဲ့ပြီး တန်ချိန် ၁၈၇,၃၄၀ အထိရှိခဲ့ကြောင်း စက်မှုလုပ်ငန်းအုပ်စု Abrafrigo က ပြောကြားခဲ့သည်ဟု ရိုက်တာသတင်းတွင် ဖော်ပြထားကြောင်း သိရသည်။

ဘရာဇီးလ်ကဲ့သို့သော တောင်အမေရိကနိုင်ငံများမှ ပဲပုပ်နှင့် အသားများတင်ပို့မှုသည် အဓိကကုန်သွယ်ဘက်ဖြစ်သည့် တရုတ်ဈေးကွက်ကို အဓိကထားပြီး အမေရိကန်၏ အခွန်ကောက်ခံမှုကြောင့် ကမ္ဘာတစ်ဝန်းအကြပ်အတည်းများကြားတွင် ကုန်သွယ်မှုအခင်းအကျင်းသစ်ကို မီးမောင်းထိုးပြလျက်ရှိကြောင်း ပေကျင်းရှိ China Institute of International Studies မှ ဖွံ့ဖြိုးဆဲနိုင်ငံများအဖွဲ့ ဒါရိုက်တာ Wang Youming က Global Times သို့ ပြောကြားခဲ့ကြောင်း သိရသည်။

တရုတ်နိုင်ငံသည် လက်တင်အမေရိက၏ ဒုတိယအကြီးဆုံး ကုန်သွယ်ဘက်အဖြစ် ဆက်လက်ရပ်တည်လျက်ရှိပြီး ဘရာဇီးလ်၊ ချီလီနှင့် ပီရူးစသည့်နိုင်ငံများအတွက် အကြီးဆုံးကုန်သွယ်ဘက်ဖြစ်ကြောင်း ဆင်ဟွာသတင်းအေဂျင်စီက ဖော်ပြခဲ့သည်ဟု သိရသည်။

အမေရိကန်၏စည်းကြပ်ခွန်မြင့်မားမှုဖိအားအောက်တွင် ကုန်သွယ်ရေးအခက်အခဲများကိုလျှော့ချရန် တောင်အမေရိကကုမ္ပဏီများသည် တရုတ်နိုင်ငံသို့ ပို့ကုန်များတိုးမြှင့်တင်ပို့လျက်ရှိပြီး တရုတ်၏ ကြီးမားသောစားသုံးသူဈေးကွက်သည် အဆိုပါထုတ်ကုန်များအတွက် အခွင့်အလမ်းကောင်းများကို ပေးအပ်လျက်ရှိကြောင်း၊ နိုင်ငံတစ်နိုင်ငံတည်းကို မှီခိုအားထားမှုလွန်ကဲခြင်းကြောင့် ဖြစ်ပေါ်လာသော ကုန်သွယ်မှုအန္တရာယ်များကိုလျှော့ချရန် တရုတ်ကုမ္ပဏီများသည် တင်သွင်းသည့်နိုင်ငံများ မတူကွဲပြားစေရန် လုပ်ဆောင်လျက်ရှိကြောင်း ကျွမ်းကျင်သူက ပြောကြားခဲ့သည်ဟု သိရသည်။

တရုတ်နိုင်ငံသည် ဘရာဇီးလ်၏ အကြီးဆုံးကုန်သွယ်ဘက်နိုင်ငံအဖြစ် ၁၆ နှစ်ဆက်တိုက်ရပ်တည်လျက်ရှိပြီး တရုတ်–ဘရာဇီးလ်ဆက်ဆံရေး၏ အရေးပါမှုကိုပြသခဲ့ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဝက်ဘ်ဆိုဒ်တွင် စက်တင်ဘာလက ထုတ်ပြန်သည့် ဆောင်းပါးတစ်ခုအရ သိရသည်။

Global Times နှင့် ယခင်အင်တာဗျူးတစ်ခုတွင် ဘရာဇီးပဲပုပ်စိုက်ပျိုးသူများအသင်း (Aprosoja Brasil)၏ဥက္ကဋ္ဌ Maurício Buffon က တရုတ်နိုင်ငံသည် ဘရာဇီးလ်၏ ပဲပုပ်တင်ပို့မှုအတွက် ထိပ်တန်းနေရာတစ်ခုဖြစ်ခဲ့ပြီး ဘရာဇီးလ်နိုင်ငံ၏ ပဲပုပ်တင်ပို့မှုစုစုပေါင်း၏ ၇၀ မှ ၈၀ ရာခိုင်နှုန်းရှိကြောင်းနှင့် အနာဂတ်ပူးပေါင်းဆောင်ရွက်မှုအတွက် အလားအလာများစွာ ကျန်ရှိနေသေးကြောင်း ပြောကြားခဲ့သည်ဟု သိရသည်။

ဘရာဇီးလ်နှင့် တရုတ်နိုင်ငံတို့အကြား ကုန်သွယ်မှုမိတ်ဖက်ဆက်ဆံရေးသည် ဘရာဇီးလ်နိုင်ငံအတွက် အလွန် အရေးကြီးကြောင်းနှင့် ၎င်းတို့၏ထုတ်ကုန်များသည် ကြီးမားသော တရုတ်ဈေးကွက်ကို ရရှိရန်အတွက် အကောင်းဆုံး cost-benefit ratio ကို ပေးထားကြောင်း Buffon က ပြောကြားခဲ့သည်ဟု သိရသည်။

ပဲပုပ်နှင့် အမဲသားအပြင် ပြောင်းကဲ့သို့သော အခြားလယ်ယာထွက်ကုန်များသည် ဘရာဇီးလ်မှ တရုတ်နိုင်ငံသို့ အဓိက တင်ပို့သည့်ပစ္စည်းများလည်းဖြစ်ကြောင်း Wang က ပြောကြားခဲ့ပြီး အပြန်အလှန် အကျိုးရှိစေရန် တရုတ်-ဘရာဇီးလ် ကုန်သွယ်ရေးကို ပိုမိုတိုးချဲ့နိုင်သည့် အခွင့်အလမ်းများစွာရှိနေကြောင်းလည်း ဖော်ပြခဲ့ကြောင်း သိရသည်။

Source: https://en.people.cn/n3/2025/1010/c90000-20374894.html, (ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

**Source:** https://myantrade.gov.mm/article/STP(Ygn)_22102025_13:03

## ထုတ်လုပ်မှုနှင့် တင်ပို့မှု ကွာဟချက်အရ မလေးရှား၏ စားအုန်းဆီလက်ကျန် ကျဆင်းဖွယ်ရှိ

ရာသီအလိုက် စားအုန်းဆီထုတ်လုပ်မှု နှေးကွေးကျဆင်းခြင်းသည် ပွဲတော်ရာသီကာလ ဝယ်လိုအားကိုဖြည့်ဆည်းရန် အတွက် တင်ပို့မှုများမြင့်တက်လာချိန်နှင့် တိုက်ဆိုင်နေမှုအရ မလေးရှားနိုင်ငံ၏ စားအုန်းဆီလက်ကျန်များသည် လာမည့်လ များအတွင်း ကျဆင်းလျက် နှစ်ကုန်ဆုံးချိန်၌ လက်ကျန်တန်ချိန် ၁ ဒသမ ၇ သန်း ဝန်းကျင်ခန့်ရှိမည်ဟု စားအုန်းဆီကြီးကြပ်မှု အာဏာပိုင်က ပြောကြားခဲ့ကြောင်း The Edge Malaysia သတင်းဌာနက စက်တင်ဘာလ ၂၉ ရက်နေ့တွင် ဖော်ပြသည်။

အင်ဒိုနီးရှား၏နောက်၌ ကမ္ဘာ့ဒုတိယအများဆုံး စားအုန်းဆီထုတ်လုပ်သည့် မလေးရှားနိုင်ငံတွင် ဆီလက်ကျန်ပမာဏ များကျဆင်းဖွယ်ရှိခြင်းက မကြာသေးမီကာလအတွင်း ပြိုင်ဘက်ပဲပုပ်ဆီများ၏ ဈေးနှုန်းသက်သာဖြင့် ပေးသွင်းနိုင်မှုကြောင့် ဖိအားများအောက်၌ရှိနေခဲ့သော စားအုန်းဆီ၏ စံပြုကြိုပွိုင့်ဈေးနှုန်းများကို ခိုင်မာအောင် ပံ့ပိုးပေးနိုင်ခြေရှိသည်။

စားအုန်းဆီ ထုတ်လုပ်မှုသည် တစ်ဖြည်းဖြည်းကျဆင်းလျက်ရှိပြီး ပွဲတော်ရာသီ ဝယ်လိုအားကြောင့် လာမည့်လများတွင် တင်ပို့မှုတိုးတက်လာမည်ဟု မျှော်လင့်ထားကြောင်း မလေးရှား စားအုန်းဆီဘုတ်အဖွဲ့ (MPOB) မှ ညွှန်ကြားရေးမှူးချုပ် Mr. Ahmad Parveez Ghulam Kadir က စက်တင်ဘာလ ၂၉ ရက်နေ့တွင် ပြောကြားခဲ့သည်။

မလေးရှား၏ စားအုန်းဆီထုတ်လုပ်မှုသည် ပုံမှန်အားဖြင့် စက်တင်ဘာလ၌ အားကောင်းပြီးနောက် နှစ်ကုန်ဆုံးချိန် တိုင်အောင် တစ်ဖြည်းဖြည်းကျဆင်းသွားလေ့ရှိသည်။ စားအုန်းဆီ လပိတ်လက်ကျန်ပမာဏသည် ဩဂုတ်လတွင် ၄ ဒသမ ၁၈ ရာခိုင်နှုန်းမြင့်တက်လျက် တန်ချိန် ၂ ဒသမ ၂ သန်းအထိ ရောက်ရှိခဲ့ပြီး ၂၀၂၃ ခုနှစ် ဒီဇင်ဘာလနောက်ပိုင်း အမြင့်ဆုံး လက်ကျန်ပမာဏဖြစ်ကြောင်း MPOB ၏ အချက်အလက်များအရ သိရသည်။

မကြာသေးမီ ရက်သတ္တပတ်များအတွင်း၌ ပဲပုပ်ဆီဈေးနှုန်းများ သိသိသာသာကျဆင်းခဲ့ရာ စားအုန်းဆီကို ဈေးနှုန်း ပိုမိုမြင့်မားမှုဖြစ်စေပြီး ဖိအားများအောက်တွင် ရောက်ရှိနေစေခဲ့သည်။ ယင်းအခြေအနေက စားအုန်းဆီ ထိပ်တန်းဝယ်ယူ တင်သွင်းသည့်အိန္ဒိယနိုင်ငံအနေဖြင့် ရှေ့လာမည့်လများအတွက် ပဲပုပ်ဆီတိုးမြှင့် ဝယ်ယူမှုကို တွန်းအားပေးခဲ့သည်။

သို့သော် အင်ဒိုနီးရှားနိုင်ငံ၏ စားအုန်းဆီ ရောင်းလိုအားသည် မသေချာမရေရာသည့် အခြေအနေများ ရှိနေခြင်းကြောင့် စားအုန်းဆီဈေးနှုန်းသည် လာမည့်လများတွင် ဆက်လက်တည်ငြိမ်နိုင်ဖွယ်ရှိသည်ဟု Mr. Kadir က ပြောကြားသည်။ စားအုန်း ဆီ ၅၀ ရာခိုင်နှုန်း ရောစပ်အသုံးပြုမည့် ဇီဝဒီဇယ်အစီအစဉ် ( ၅၀ )အား အကောင်အထည်ဖော်မှုနှင့် ဆီအုန်းစိုက်ခင်းများကို အစိုးရကသိမ်းယူခြင်းတို့သည် အင်ဒိုနီးရှား၏ စားအုန်းဆီ တင်ပို့မှုအပေါ် ထိခိုက်မှုရှိနိုင်သည်ဟု ၎င်းက ပြောဆိုသည်။

အင်ဒိုနီးရှားအစိုးရသည် လက်ရှိကာလ၌ ဇီဝဒီဇယ်ထုတ်လုပ်မှုတွင် စားအုန်းဆီ ၄၀ ရာခိုင် နှုန်း ပါဝင်ရောစပ်သုံးစွဲရန် ပြဋ္ဌာန်းထားပြီး လာမည့်နှစ်မှ စတင်၍ ၅၀ ရာခိုင်နှုန်းအထိ မြှင့်တင် ဆောင်ရွက်ရန် စီစဉ်နေသည်။ ထို့ပြင် ဆီအုန်းစိုက်ခင်း ၆၇၄၀၇၈ ဟက်တာ (ဧက ၁ ဒသမ ၇ သန်း) ကို နိုင်ငံပိုင် ဆီအုန်းလုပ်ငန်းကုမ္ပဏီဖြစ်သော Agrinas Palma Nusantara ထံ ယခုလ အစောပိုင်း၌ လွှဲပြောင်းပေးအပ်ခဲ့ရာ ၎င်းထံသို့ လုပ်ကိုင်ခွင့်ပေးအပ်ခဲ့သော ဧရိယာ စုစုပေါင်းမှာ ဟက်တာ ၁ ဒသမ ၅ သန်း (ဧက ၃ ဒသမ ၇ သန်း) ရှိပြီကြောင်း သိရသည်။

မလေးရှားတွင် ဆီအုန်းပင် ပြန်လည်စိုက်ပျိုးခြင်းသည် နှေးကွေးလျက်ရှိရာ အဆိုပါကဏ္ဍကို အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်နိုင်ရန် အစိုးရအနေဖြင့် ယခုနှစ်၌ ရင်းဂစ် သန်း ၁၀၀ ခွဲဝေသုံးစွဲရာမှ ၂၀၂၆ ခုနှစ်တွင် ရင်းနှီးမြှုပ်နှံမှု ရင်းဂစ် ၂၈၀ သန်းအထိ တိုးမြှင့်ခွဲဝေသုံးစွဲရန် MPOB ကတိုက်တွန်းထားသည်ဟု Mr. Kadir ကပြောဆိုခဲ့ကြောင်း သိရသည်။

Source: The Edge Malaysia, 29th Sep 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/52419

## ၂၀၂၆ နှစ်လယ်ပိုင်းအထိ သကြားတင်သွင်းမှု ဆိုင်းငံ့မည်ဟု ဖိလစ်ပိုင်စိုက်ပျိုးရေးဌာန ပြောကြား

ဖိလစ်ပိုင်အစိုးရအနေဖြင့် ပြည်တွင်းသကြားဈေးကွက် တည်ငြိမ်မှုရှိစေရေးအတွက် ပြည်ပမှ ဝယ်ယူတင်သွင်းမှုများ အားလုံးကို လက်ရှိကြံကြိတ်ဝါးထုတ်လုပ်သည့် ရာသီကာလကုန်ဆုံးမည့် ၂၀၂၆ ခုနှစ် နှစ်လယ်ကာလတိုင်အောင် ယာယီဆိုင်းငံ့ထားရှိမည်ဟု စိုက်ပျိုးရေးဦးစီးဌာနက အောက်တိုဘာ ၁၅ ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ကြောင်း Philstar.com သတင်း ဝက်ဘ်ဆိုက်က ဖော်ပြသည်။

စိုက်ပျိုးရေးအတွင်းဝန် Francisco Tiu Laurel Jr. ၊ သကြားလုပ်ငန်းကြီးကြပ်မှုအာဏာပိုင်အဖွဲ့ (Sugar Regulatory Administration – SRA) မှ အုပ်ချုပ်စီမံခန့်ခွဲရေးမှူး Paul Azcona နှင့် SRA ဘုတ်အဖွဲ့ဝင်နှင့် တောင်သူလယ်သမား ကိုယ်စားလှယ် Dave Sanson တို့သည် ၂၀၂၆ ခုနှစ် မေလ သို့မဟုတ် ဇွန်လအထိ သကြားတင်သွင်းမှုကို ဆိုင်းငံ့ထားရန် ညှိနှိုင်း သဘောတူညီခဲ့ကြသည်ဟု စိုက်ပျိုးရေးဦးစီးဌာနက ဖော်ပြထားသည်။

ပထမအကြိမ် သကြားအဝယ်တင်ဒါခေါ်ယူသည့်ကာလ၌ သကြားကုန်ကြမ်းဈေးနှုန်းများ စံချိန်တင်နိမ့်ကျနေခဲ့မှု အပေါ် ကိုင်တွယ်ဖြေရှင်းရန်အတွက် အဆိုပါအစည်းအဝေးကို အောက်တိုဘာ ၉ ရက်နေ့တွင် Negros ကျွန်း၌ ကျင်းပခဲ့ခြင်း ဖြစ်သည်။ ယေဘုယျအားဖြင့် ရက်သတ္တပတ် ၃၈ ပတ်ခန့်ရှိသော ကြံရိတ်သိမ်း ချိန်ရာသီကာလအတွင်း အဝယ်တင်ဒါများကို အပတ်စဉ် လုပ်ဆောင်ရမည်ဖြစ်သော်လည်း ကုန်သည်များအကြား အရောင်းအဝယ်ပြုလုပ်ရန် နှောင့်နှေးနေခြင်းက အထင် အရှားဖြစ်ပေါ်လျက်ရှိကြောင်း ဖိလစ်ပိုင် စိုက်ပျိုးရေးဦးစီးဌာနက မှတ်ချက်ပြုထားသည်။

၂၀၂၅-၂၀၂၆ သီးနှံရာသီနှစ်အတွင်း ကြံကြိတ်ဝါးလျက် သကြားထုတ်လုပ်မှု လုပ်ငန်းပြီးဆုံးမည့် အချိန်အထိ ကာလ အတွင်း မည်သည့်သကြားတင်သွင်းမှု အစီအစဉ်မဆို အရန်သကြားအဖြစ်သာ သတ်မှတ်မည်ဟု ၎င်းတို့အနေဖြင့် သေချာစွာ ရှင်းလင်းအသိပေးလိုကြောင်း Mr. Azcona နှင့် Mr. Laurel တို့က ပြောဆိုခဲ့ကြသည်။ တောင်သူကိုယ်စားလှယ် Mr. Sanson ကလည်း ယခု လုပ်ဆောင်ချက်သည် လက်ရှိအုပ်ချုပ်သူများအနေဖြင့် တောင်သူများ၏ သက်သာချောင်ချိရေးကို ဦးစားပေး ဆောင်ရွက်ခြင်းဖြစ်ပြီး လှိုက်လှဲစွာကြိုဆိုကြောင်း၊ ယခုအခါ ဈေးကစားမှုများကို ကိုင်တွယ်ဖြေရှင်းထားရှိပြီဖြစ်၍ ဈေးနှုန်းများ တည်ငြိမ်မှုရရှိလာမည်ဟု မျှော်လင့်ကြောင်း ပြောဆိုခဲ့သည်။

အစိုးရအရာရှိများသည် ၂ လစာ အရန်သကြားအချော သိုလှောင်ထားရှိမှုကို အစဉ်တစိုက် ထိန်းသိမ်းထားရှိရန် သဘော တူညီခဲ့ကြကြောင်း၊ စိုက်ပျိုးရေးဦးစီးဌာန၏ ထုတ်ပြန်ချက်အရ အဆိုပါ ဆိုင်းငံ့ကာလအတွင်း တင်သွင်းလာမည့် မည်သည့် သကြားကိုမဆို အရန်ထားရှိမှုအဖြစ် တင်းကျပ်စွာ သတ်မှတ်ဆောင်ရွက်မည်ဖြစ်ပြီး ဈေးကွက်ဈေးနှုန်းကို ထိခိုက်မှု မရှိစေရေး အတွက် ပြည်တွင်းဈေးကွက်သို့ ရောင်းချခွင့်ပြုမည် မဟုတ်ကြောင်း သိရသည်။

ဖိလစ်ပိုင်နိုင်ငံ၌ ကြံစိုက်ပျိုးမှုဧရိယာသည် ၂၀၂၂ ခုနှစ်မှစတင်၍ သိသာစွာ တိုးတက်လာခဲ့ရာ ထိုစဉ်က ဧရိယာ စုစုပေါင်း ဟက်တာ ၃၈၀,၀၀၀ ရှိရာမှ ယခုနှစ်တွင် ဟက်တာပေါင်း ၄၀၉,၀၀၀ အထိ မြင့်တက်ရောက်ရှိခဲ့ကြောင်း သိရသည်။

Source: Philstar.com, 15 October 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/53362

## အီသနောထုတ်ရန် ပြောင်းများ အမေရိကန်ထံမှ အိန္ဒိယ ဝယ်ယူဖွယ်ရှိ

အိန္ဒိယနိုင်ငံအနေဖြင့် ကုန်သွယ်ရေးသဘောတူညီချက်တစ်ရပ် ရရှိနိုင်ရန်အတွက် စေ့စပ်ကမ်းလှမ်းမှုများ၏ တစ်စိတ် တစ်ဒေသအဖြစ် အမေရိကန်ထံမှ စွမ်းအင်ထုတ်ကုန်များ အမြောက်အမြား ဝယ်ယူခြင်းအပြင် အီသနောထုတ်လုပ်ရာ၌ အသုံးပြု ရန် ပြောင်းများကိုလည်း ဝယ်ယူဖွယ်ရှိကြောင်း Economic Times သတင်းဌာနက ဖော်ပြသည်။

အိန္ဒိယနိုင်ငံ၏ ရုရှားရေနံများဝယ်ယူနေခြင်းသည် ယူကရိန်းနှင့် ဖြစ်ပွားလျက်ရှိသော စစ်ပွဲအတွက် အကူအညီပေးအပ်ခြင်းဖြစ်သည်ဟု အမေရိကန်နိုင်ငံက ပြောဆိုလျက် ပြစ်ဒဏ်အဖြစ် သွင်းကုန်အခွန် ၂၅ ရာခိုင်နှုန်းချမှတ်ခြင်းကို ဖယ်ရှားပေးရန် အိန္ဒိယဘက်မှ တောင်းဆိုထားသည်။ အမေရိကန်နှင့် ကုန်သွယ်ရေး စေ့စပ်ညှိနှိုင်းရာတွင် ကမ်းလှမ်းချက်အသစ်ပြုလုပ်ခဲ့ကြောင်း၊ အီသနောလောင်စာထုတ်လုပ်ရာ၌ အသုံးပြုရန် အမေရိကန်ပြောင်းများကို ဝယ်ယူရေးဆွေးနွေးလျက်ရှိကြောင်းဖြင့် အိန္ဒိယအစိုးရ အရာရှိတစ်ဦးက ပြောဆိုခဲ့သည်။ မျိုးဗီဇပြုပြင်ထားသည့် သီးနှံများနှင့် စပ်လျဉ်း၍ စိုးရိမ်မကင်းဖြစ်ပေါ်မှုအကြောင်းပြချက်ဖြင့် အိန္ဒိယဘက်မှ ငြင်းဆိုထားသော်လည်း ၎င်း၏ ပဲပုပ်စေ့နှင့် ပြောင်းများကို ဝယ်ယူရန် အမေရိကန်က အိန္ဒိယသို့ တွန်းအားပေးနေချိန်၌ ထိုကဲ့သို့ ကမ်းလှမ်းလုပ်ဆောင်ခြင်းသည် အရေးပါမှုရှိသည်ဟု ယူဆရသည်။

သို့ရာတွင် လယ်သမားများကို အကာအကွယ်ပေးရန် သို့မဟုတ် မျိုးဗီဇပြုပြင်ထားသော ထုတ်ကုန်များ စားနပ်ရိက္ခာကွင်းဆက်တွင် ပါဝင်လာခြင်းကို ဟန့်တားရန်အတွက် အိန္ဒိယအစိုးရသည် လယ်ယာကဏ္ဍ၌ ဈေးကွက်ဝင်ရောက်ခွင့်နှင့် စပ်လျဉ်း၍ အလျှော့ပေးခြင်းမပြုမည့် မူဘောင်ကို ကိုင်စွဲထားသည်။

ညှိနှိုင်းဆွေးနွေးမှုများကိုလုပ်ဆောင်ဆဲဖြစ်ကြောင်း၊ ၎င်းတို့အနေဖြင့်သတ်မှတ်ထားသည့် နောက်ဆုံးနေ့ရက်မတိုင်မီ သဘောတူညီမှုရရှိရန် ကြိုးပမ်းနေကြောင်း၊ သို့သော် မည်သည့်နေ့ရက်၊ မည်သည့်နေရာတွင် နောက်တစ်ကြိမ် ဆွေးနွေးပွဲကျင်းပမည်ဆိုသည့်အချက်ကို မသတ်မှတ်ရသေးကြောင်း၊ ဆွေးနွေးမှုများကို အသုတ်လိုက်ပြုလုပ်မည်ဖြစ်ပြီး ၎င်းတို့အနေဖြင့် စတင်ထားခဲ့သည့်လမ်းကြောင်းအတိုင်း ဆက်လက်လျှောက်လှမ်းမည်ဖြစ်ကြောင်းဖြင့် အခြားအိန္ဒိယအရာရှိ တစ်ဦးကလည်း ပြောကြားခဲ့သည်။

အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့်စက်မှုဝန်ကြီး Piyush Goyal ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် စက်တင်ဘာ ၂၂ ရက်မှ ၂၄ ရက်နေ့အထိ အမေရိကန်နိုင်ငံသို့ သွားရောက်သည့် ခရီးစဉ်အတွင်း အမေရိကန်ကုန်သွယ်ရေးဝန်ကြီး Jamieson Greer နှင့် အိန္ဒိယနိုင်ငံဆိုင်ရာ အမေရိကန် သံအမတ်ကြီး Sergio Gor တို့နှင့် တွေ့ဆုံခဲ့သည်။ နှစ်နိုင်ငံဘက်မှ ကိုယ်စားလှယ်များသည် သဘောတူညီချက်ရရှိရန် ဖြစ်တန်ခြေရှိသော ကောက်ကြောင်းများအပေါ် ဆွေးနွေးခဲ့ကြပြီး ကုန်သွယ်မှု သဘောတူညီချက်တစ်ရပ်ကို ဆောလျင်စွာချမှတ်နိုင်ရေး ဆက်လက်တွေ့ဆုံမှုများ လုပ်ဆောင်သွားရန် ဆုံးဖြတ်ခဲ့ကြသည်ဟု အိန္ဒိယကူးသန်းရောင်းဝယ်ရေးနှင့် စက်မှုဝန်ကြီးဌာနက စက်တင်ဘာ ၂၄ ရက်နေ့၌ ထုတ်ဖော်ပြောကြားထားသည်။

ထိုကဲ့သို့ လူကိုယ်တိုင်တွေ့ဆုံဆွေးနွေးပွဲသည် ဩဂုတ် ၂၇ ရက်နေ့၌ အမေရိကန်ဘက်မှ ပြစ်ဒဏ်အဖြစ် အခွန် ၂၅ ရာခိုင်နှုန်း ထပ်ဆောင်း၍ အိန္ဒိယမှ တင်ပို့သည့် ကုန်စည်များအပေါ် သွင်းကုန်အခွန်ကို ၅၀ ရာခိုင်နှုန်းသတ်မှတ်ခဲ့ချိန်နောက်ပိုင်းတွင် ပထမဆုံးအကြိမ် ကျင်းပခဲ့ခြင်းဖြစ်သည်။ နှစ်ဖက်ကိုယ်စားလှယ်များသည် နှစ်နိုင်ငံကုန်သွယ်မှုသဘောတူညီချက်တစ်ရပ် ချမှတ်နိုင်ရေးညှိနှိုင်းလျက်ရှိပြီး ၎င်း၏ ပထမအပိုင်းကို ဆောင်းဦးရာသီကာလတွင် အပြီးသတ်နိုင်ရန် ရည်မှန်းထားသည်။ လက်ရှိအချိန်အထိ ဆွေးနွေးပွဲပေါင်း ငါးကြိမ် ပြုလုပ်ခဲ့ပြီး ဩဂုတ် ၂၅ မှ ၂၉ ရက်အတွင်း ကျင်းပရန်စီစဉ်ထားခဲ့သော ဆဋ္ဌမအကျော့ ဆွေးနွေးပွဲကို ရက်ရွှေ့ဆိုင်းထားခြင်း ဖြစ်ကြောင်း သိရသည်။

Source: Economic Times, 27 Sept 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/52417

## ဆီကြိတ်ပြီးဖွဲဖတ် တင်ပို့မှုတားမြစ်ချက် အိန္ဒိယအစိုးရ ပြန်လည်ရုပ်သိမ်း

အိန္ဒိယနိုင်ငံအနေဖြင့် ဆီကြိတ်ပြီးဖွဲဖတ်များ ပြည်ပသို့ တင်ပို့မှုအား ၂ နှစ်ကျော်ကြာ တားမြစ်ပိတ်ပင် ထားရှိခဲ့သည့် ကန့်သတ်ချက်များကို အောက်တိုဘာ ၃ ရက်နေ့တွင် ပြန်လည်ဖယ်ရှားလျက် လက်ငင်း အကျိုးသက်ရောက်မှုရှိစေခဲ့ကြောင်း အိန္ဒိယအစိုးရက ပြောကြားခဲ့သည်။

၂၀၂၃ ခုနှစ် ဇူလိုင်လ၌ ပိတ်ပင်မှုများ မချမှတ်မီက အိန္ဒိယသည် နှစ်စဉ် ရူပီး ၁၀ ဘီလီယံခန့် တန်ဖိုးရှိသော ဆီကြိတ်ပြီးဖွဲဖတ် တန်ချိန် ၅၀၀,၀၀၀ ခန့်ကို အဓိကအားဖြင့် ဗီယက်နမ်၊ ထိုင်းနှင့် အခြားအာရှနိုင်ငံ များသို့တင်ပို့ခဲ့သည်။ ထိုကဲ့သို့ ပြည်ပသို့တင်ပို့မှု ပြန်လည်စတင်ခြင်းသည် မွေးမြူရေးလုပ်ငန်း အစားအစာအဖြစ်အသုံးပြုသည့် ဆီကြိတ်ပြီးဖွဲဖတ်နှင့် ဖွဲနုဆီ နှစ်မျိုးလုံးထုတ်လုပ်မှုကို မြင့်မားလာစေမည်ဖြစ်ကြောင်း စက်မှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အိန္ဒိယဆီကြိတ်ခွဲထုတ်လုပ်သူများအသင်း (Solvent Extractors' Association of India – SEA) ၏ အချက်အလက်များအရ ၂၀၂၃ ခုနှစ် ဇူလိုင်လမှစ၍ ဆီကြိတ်ပြီးဖွဲဖတ် ဈေးနှုန်းသည် တစ်တန်လျှင် အိန္ဒိယ ရူပီး ၁၀,၀၀၀ (ဒေါ်လာ ၁၁၃)

ခန့်အထိ ထက်ဝက်ကျဆင်းခဲ့ကြောင်း သိရသည်။ ဆီကြိတ်ပြီးဖွဲဖတ် တင်ပို့မှုသည် အထူးသဖြင့် အိန္ဒိယနိုင်ငံအရှေ့ပိုင်းတွင် ဆန်စပါးကြိတ်ခွဲ ထုတ်လုပ်ခြင်းနှင့် ဆီကြိတ်ထုတ်ယူခြင်းလုပ်ငန်းတို့ကို အကျိုးဖြစ်ထွန်းစေပြီး လယ်သမားများနှင့် ပြုပြင်ထုတ်လုပ်သူများအနေဖြင့် ဘေးထွက်ပစ္စည်းဖြစ်သော ဖွဲနုမှထွက်ကုန်တန်ဖိုး ပိုမိုရရှိစေရန် အထောက်အကူဖြစ်စေသည်ဟု SEA ၏ အမှုဆောင် ဒါရိုက်တာ B.V. Mehta က ပြောကြားခဲ့သည်။

ကမ္ဘာ့အကြီးဆုံး ဟင်းသီးဟင်းရွက်ဆီ တင်သွင်းသူဖြစ်သော အိန္ဒိယသည် မလေးရှား၊ အင်ဒိုနီးရှား၊ အာဂျင်တီးနား၊ ရုရှားနှင့် ယူကရိန်းတို့ကဲ့သို့သော နိုင်ငံများမှ စားအုန်းဆီ၊ ပဲဆီနှင့် နေကြာဆီတို့ အပါအဝင် စားသုံးဆီများကို တင်သွင်းလျက်ရှိသည်။

ဆီကြိတ်ပြီးဖွဲဖတ် တင်ပို့မှုပြန်လည်စတင်ခြင်းသည် ဖွဲနုမှဆီထုတ်ယူမှုကို အမြတ်အစွန်းဖြစ်စေပြီး ဖွဲနုဆီထုတ်လုပ်ပေးသွင်းမှုကို မြှင့်တင်နိုင်သည့်အပြင် အိန္ဒိယ၏ ဆီတင်သွင်းရန် လိုအပ်ချက်ကို လျှော့ချနိုင်မည်ဖြစ်ကြောင်း Mr. Mehta က ပြောဆိုခဲ့သည်။ အိန္ဒိယနိုင်ငံမြောက်ပိုင်း Lucknow မြို့အခြေစိုက် ဆီစက်လုပ်ငန်းရှင် Ajay Jhunjhunwala ကလည်း ဆီကြိတ်ပြီးဖွဲဖတ်တင်ပို့မှုများသည် ဒေသတွင်း ဈေးနှုန်းများကို ပြန်လည်ကောင်းမွန်စေပြီး ဆန်စပါးလုပ်ငန်းနယ်ပယ်အတွက် ပိုလျှံနေသော ထုတ်ကုန်များကို တင်ပို့ နိုင်စွမ်းရရှိစေမည်ဟု ယုံကြည်ကြောင်း ပြောကြားခဲ့သည်။

Source: Reuters, 3 October 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/52813

## ကမ္ဘောဒီးယားသည် ၂၀၂၅ ခုနှစ် ပထမ ၈ လတွင် ရော်ဘာအစေးတင်ပို့မှုမှ ဒေါ်လာ ၃၂၈ သန်း ကျော် ရရှိခဲ့

ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမ ၈ လတွင် သဘာဝရော်ဘာအစေး တင်ပို့မှုမှ ဝင်ငွေ ကန်ဒေါ်လာ ၃၂၈ ဒသမ ၃ သန်းရရှိခဲ့ပြီး ၂၀၂၄ ခုနှစ် အလားတူကာလထက် ရရှိသည့်ပမာဏနှင့် တူညီ ကြောင်း ရော်ဘာညွှန်ကြားမှုဦးစီးဌာန၏ အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရော်ဘာညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်သော အစီရင်ခံစာအရ ယခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လ အတွင်း ကုန်စည်တန်ချိန် ၁၈၃,၉၁၀ တင်ပို့ ခဲ့ပြီး ယခင်နှစ် အလားတူကာလမှ တန်ချိန် ၂၀၉,၇၃၃ မှ ၁၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း သိရသည်။ သို့သော်လည်း ပြည်တွင်းရော်ဘာသုံးစွဲမှုသည် ပထမ ရှစ်လအတွင်း ၇၅,၅၂၃ တန်အထိ ၈၉ ရာခိုင်နှုန်း သိသိ သာသာ မြင့်တက်လာခဲ့ပြီး ပြည်တွင်းရောင်းရငွေ ဒေါ်လာ ၁၃၇ သန်းနီးပါး ရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ ရော်ဘာအစေး ၁ တန်သည် ပျမ်းမျှအားဖြင့် ၂၀၂၅ ခုနှစ် ပထမရှစ်လပတ်တွင် ၁,၇၈၆ ဒေါ်လာရှိပြီး ၂၀၂၄ ခုနှစ် အလားတူကာလထက် ဒေါ်လာ ၂၂၀ ခန့် ပိုများကြောင်း ရော်ဘာအထွေထွေ ညွှန်ကြားရေးမှူးရုံးမှ လက်ထောက်ညွှန်ကြားရေးမှူးချုပ် Khun Kakada က အစီရင်ခံစာတွင် ဖော်ပြထား သည်။ ကမ္ဘောဒီးယားနိုင်ငံသည် မလေးရှား၊ ဗီယက်နမ်၊ စင်ကာပူနှင့် တရုတ်နိုင်ငံသို့ ရော်ဘာကုန်ပစ္စည်း များကို အဓိကတင်ပို့လျက်သည်။

Source: https://www.doca.gov.mm/my/node/53019

## ဗီယက်နမ်၏ ကော်ဖီပို့ကုန်တန်ဖိုး ဒေါ်လာ ၇ ဘီလီယံကျော်သို့ ပထမဆုံးအကြိမ် ရောက်ရှိ

ဘရာဇီးနိုင်ငံ၏နောက်၌ ကမ္ဘာ့ဒုတိယအကြီးဆုံး ကော်ဖီတင်ပို့သူဖြစ်သည့် ဗီယက်နမ်နိုင်ငံသည် ယခုနှစ် ပထမ ၉ လအတွင်း ကော်ဖီတင်ပို့မှုမှာ တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၆ ဒသမ ၉၈ ဘီလီယံ ရှိပြီး ယခင်နှစ်ကာလတူထက် ၆၁ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်းသိရသည်။ အဆိုပါ ပမာဏသည် ၂၀၂၄ တစ်နှစ်တာအတွင်း တင်ပို့ခဲ့သည့် တန်ဖိုးထက်ပိုမိုခဲ့ပြီး ဥရောပဈေးကွက်တွင် ဝယ်လိုအား များပြားလာခြင်း နှင့် ကမ္ဘာတစ်ဝန်း ကော်ဖီဈေးနှုန်းများ မြင့်တက်ခဲ့ခြင်းတို့ကြောင့် ဖြစ်ကြောင်း သိရသည်။

တရုတ်အမျိုးသား စာရင်းအင်းဗျူရို၏ ကိန်းဂဏန်းအချက်အလက်များအရ ၂၀၂၄ ခုနှစ် အောက်တိုဘာလမှ ၂၀၂၅ ခုနှစ် ဩဂုတ်လအထိ ဗီယက်နမ်၏ ကော်ဖီတင်ပို့မှုတန်ဖိုးသည် အမေရိကန် ဒေါ်လာ ၇ ဒသမ ၈ ဘီလီယံသို့ ရောက်ရှိခဲ့ပြီး နိုင်ငံ၏ နှစ်စဉ်ကော်ဖီတင်ပို့မှုသည် ပထမဆုံးအကြိမ်အဖြစ် ဒေါ်လာ ၇ ဘီလီယံကို ကျော်လွန်သည့် သမိုင်းမှတ်တမ်းကို ရေးထိုးနိုင်ခဲ့ခြင်းဖြစ်ကြောင်း Nikkei Asia က ဖော်ပြထားသည်။

ဗီယက်နမ်နိုင်ငံ၌ ရိုဘတ်စတာကော်ဖီသည် အဓိကစိုက်ပျိုးထုတ်လုပ်သည့် ကော်ဖီမျိုးရင်းအဖြစ် ဆက်လက်တည်ရှိနေပြီး ယခုနှစ်တွင် တန်ဖိုးအားဖြင့် ဒေါ်လာ ၄ ဒသမ ၉ ဘီလီယံအထိတင်ပို့ထားပြီးဖြစ်သည်။ ကျန်ရှိသော ကော်ဖီပို့ကုန်ဝင်ငွေမှာ အာရေးဘီးကားကော်ဖီစေ့များ တင်ပို့မှုမှ ရရှိခြင်းဖြစ်သည်။

ကမ္ဘာ့တစ်ဝန်းကော်ဖီဈေးနှုန်းများသည် ယခုနှစ် အစောပိုင်းတွင် စံချိန်တင်မြင့်တက်ခဲ့ပြီး မေလမှ ဇူလိုင်လအတွင်း တစ်ဖြည်းဖြည်းကျဆင်းလျက် ယခင်နှစ်ဈေးနှုန်းအဆင့်နှင့် တူညီသည့် အခြေအနေသို့ ရောက်ရှိခဲ့ကြောင်း၊ တစ်ဖန် ဩဂုတ်လနှင့် စက်တင်ဘာလတွင် ဈေးနှုန်းပြန်လည် မြင့်တက်ခဲ့ကြောင်း သိရသည်။

Source : The Nation Thailand, October 04, 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ ၏ နိုင်ငံတကာဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့) Source: https://www.doca.gov.mm/my/node/52806

## တရုတ်ရင်းနှီးမြှုပ်နှံမှုဖြင့် သီဟိုဠ်စေ့ကဏ္ဍကို နိုင်ငံတော်က မျက်စိကျ

ကမ္ဘောဒီးယားနိုင်ငံသည် ၎င်း၏ သီဟိုဠ်စေ့လုပ်ငန်းကို ကမ္ဘာလုံးဆိုင်ရာအပြိုင်အဆိုင် ကဏ္ဍတစ်ခုအဖြစ် အသွင်ပြောင်းရန် အကြီးတန်းအရာရှိများက အလားအလာရှိသော တရုတ်ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုခဲ့ပြီးနောက် ကမ္ဘောဒီးယား၏ ရည်မှန်းချက်သည် ကုန်ကြမ်းတင်ပို့မှုမှ တန်ဖိုးမြင့်လုပ်ငန်းသို့ ပြောင်းလဲလာခဲ့သည်။ ကမ္ဘောဒီးယားနိုင်ငံ၊ စက်မှု၊ သိပ္ပံ၊ နည်းပညာနှင့် ဆန်းသစ်တီထွင်မှု (MISTI) ဝန်ကြီး Hem Vandy သည် Kampu Nuts Agro Product နှင့် China National Machinery Industry Corporation (SINOMACH) က ကိုယ်စားလှယ်များနှင့်တွေ့ဆုံခဲ့ပြီး နိုင်ငံအတွင်းရှိစက်ရုံများနှင့် အဆင့်မြင့်စက်ပစ္စည်းများတွင် ရင်းနှီး မြှုပ်နှံမှုဆိုင်ရာအခွင့်အလမ်းများကို ဆွေးနွေးခဲ့သည်။

တွေ့ဆုံစဉ် ကိုယ်စားလှယ်အဖွဲ့သည် ကမ္ဘောဒီးယားနိုင်ငံအတွင်း အခြေခံအဆောက်အအုံများ ဆောက်လုပ်ရန် အခိုင်အမာစိတ်ဝင်စားကြောင်း ဖော်ပြခဲ့ကြသည်။ ကမ္ဘောဒီးယားသည် ကမ္ဘာ့ထိပ်တန်း သီဟိုဠ်စေ့အကြမ်း ထုတ်လုပ်သည့် နိုင်ငံများထဲမှ တစ်နိုင်ငံဖြစ်လာခဲ့ပြီး တရားဝင်ခန့်မှန်းချက်များအရ နှစ်စဉ်အထွက်နှုန်းမှာ တန်ချိန်တစ်သန်းကျော်ရှိသည်။ သို့သော်လည်း ဤထုတ်လုပ်မှုအများစုကို ကုန်ကြမ်းပုံစံဖြင့် တင်ပို့နေပြီး အများစုမှာ ဗီယက်နမ်နိုင်ငံသို့ တင်ပို့လျက်ရှိသည်။ အစိုးရသည် ဤပုံစံကို ပြောင်းလဲလိုကြောင်း Hem Vandy က အလေးပေးပြောကြားခဲ့သည်။

ကမ္ဘောဒီးယားသည် အထည်ချုပ်လုပ်ငန်းများအပေါ် မှီခိုအားထားမှုကိုလျှော့ချရန်နှင့် တန်ဖိုးမြင့် ကုန်ထုတ်လုပ်မှုကို ဆွဲဆောင်ရန် ကမ္ဘောဒီးယားမှ စိုက်ပျိုးရေးစက်မှုလုပ်ငန်းမျိုးစုံကွဲပြားမှုနှင့် ကြီးမားသော ကဏ္ဍစုံခွဲဝေမှုကို တွန်းအားပေးဆောင်ရွက်လျက်ရှိသည်။ ကမ္ဘာ့ပေါ်တွင် သီဟိုဠ်စေ့ စားသုံးမှုအများဆုံးနိုင်ငံဖြစ်သည့် တရုတ်နိုင်ငံသည် ကမ္ဘောဒီးယားအတွက် အဓိကပစ်မှတ် ဈေးကွက်ဖြစ်လာစေရန် ရည်ရွယ်ထားပြီး ပြုပြင်ပြီးသား သီဟိုဠ်စေ့များကို တရုတ်နိုင်ငံသို့ တိုက်ရိုက်တင်ပို့ခြင်းသည် နိုင်ငံတော်က ကုန်ကြမ်းသီဟိုဠ် အစေ့အဆန်များ တင်ပို့ခြင်းအစား ပြည်တွင်း၌ တန်ဖိုးပိုမိုရရှိစေမည်ဖြစ်ကြောင်း Hem Vandy ကဆက်လက် ပြောကြားခဲ့သည်။ ကမ္ဘောဒီးယား သီဟိုဠ်စေ့အသင်း (CAC) ၏ အဆိုအရ ကမ္ဘောဒီးယားနိုင်ငံသည် ၂၀၂၅ ခုနှစ် ပထမ ၈ လ အတွင်း ပြည်ပဈေးကွက်များသို့ သီဟိုဠ်စေ့အကြမ်း တန်ချိန် ၉၄၁,၀၀၀ ခန့် တင်ပို့ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၁ ဒသမ ၄ ဘီလီယံခန့် ရရှိခဲ့သည်။

Source: https://www.doca.gov.mm/my/node/53062

## အာဖဂန်နစ္စတန်နိုင်ငံသည် နှစ်စဉ် ပျားရည်တန်ချိန် ၂၂၀၀ ထုတ်လုပ်ပေး

အာဖဂန်နစ္စတန်နိုင်ငံ တောင်ပိုင်းကန်ဒါဟာပြည်နယ်သည် ယခုနှစ်အတွင်း ပျားရည် ခြောက်တန် တင်ပို့နိုင်ခဲ့ကြောင်း ပြည်နယ် စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူ မိုဟာမက်ဟာနက်ဖ်ဟက်မေးလ်က အောက်တိုဘာ ၃ ရက်တွင် ပြောကြားသည်။

ကန်ဒါဟာပြည်နယ်တစ်ခုတည်းတွင် ပျားရည်တန်ချိန် ၄၅ တန်ထုတ်ယူနိုင်ခဲ့ပြီး အာရပ်စော်ဘွားများပြည်ထောင်စုနှင့် အိုမန်တို့သို့ ယခုအချိန်ထိ ပျားရည် ခြောက်တန်တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

ပြည်နယ်အစိုးရက ယင်းပြည်နယ်အတွင်း ပျားမွေးမြူရေးလုပ်ငန်းကို ဆက်လက်ပံ့ပိုးသွားမည်ဖြစ်ကြောင်း အာဏာပိုင်တစ်ဦးက ပြောကြားသည်။ အာဖဂန်နစ္စတန်နိုင်ငံ၌ ပျားမွေးမြူရေးခြံ ၃,၂၀၀ ရှိပြီး နိုင်ငံသည် နှစ်စဉ်ပျားရည်တန်ချိန် ၂၂၀၀ ကို ထုတ်လုပ်ပေးကြောင်း တရားဝင်သတင်းအချက်အလက်များအရ သိရသည်။

စိုက်ပျိုးရေး၊ ဆည်မြောင်းနှင့် မွေးမြူရေးဝန်ကြီးဌာနက အာဖဂန်နစ္စတန်နိုင်ငံအတွင်း ပျားမွေးမြူ ရေးလုပ်ငန်းများကို ဖွံ့ဖြိုးတိုးတက်အောင် တိုးချဲ့ရန်ကတိပြုထားပြီး ပြည်တွင်း၌ ထွက်ရှိသည့် ပျားရည်များကို ပြည်ပသို့ ဈေးကွက်ရှာဖွေရန် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

## အိန္ဒိယနိုင်ငံသည် ကွမ်းသီးလှော်(Roasted areca nut) ကို ၁ ကီလိုဂရမ်လျှင် ရူပီး ၃၅၁ အောက်ဈေးနှုန်းဖြင့် တင်သွင်းခြင်းအပေါ် ကန့်သတ်ချက်များချမှတ်

အိန္ဒိယနိုင်ငံခြားကုန်သွယ်မှုညွှန်ကြားမှုဦးစီးဌာန(DGFT)မှ ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့ ရက်စွဲဖြင့် ထုတ်ပြန်ခဲ့သည့်အမိန့်ကြော်ငြာစာအမှတ် ၄၃/၂၀၂၅-၂၆ အရ ကွမ်းသီးလှော် (Roasted areca nut)ကို ၁ ကီလိုဂရမ်လျှင် ရူပီး ၃၅၁ အောက်ဈေးနှုန်းဖြင့် ပြည်ပမှ တင်သွင်းခြင်းအပေါ် ကန့်သတ်ချက်များ ချမှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါအမိန့်ကြော်ငြာစာတွင် ITC(HS)ကုဒ်နံပါတ် ၂၀၀၈၁၉၉၁ အောက်ရှိ ကွမ်းသီးလှော်များအတွက် အနိမ့်ဆုံးတင်သွင်းဈေးနှုန်း(Minimum import price-MIP)ကို သတ်မှတ်ထားသည်။ CIF တန်ဖိုး ၁ ကီလိုဂရမ်လျှင် ရူပီး ၃၅၁ အောက်ရှိ ကွမ်းသီးလှော်တင်သွင်းခြင်းကို ယခုအခါ တားမြစ်ထားပြီး၊ အခြားသောအလှော်ခံထားသည့် အခွံမာသီးများနှင့် အစေ့အဆန်များသည် လွတ်လပ်စွာတင်သွင်းခွင့်မူဝါဒအောက် တွင် ဆက်လက်တည်ရှိနေကြောင်း တွေ့ရသည်။

အဆိုပါမူဝါဒသည် ကွမ်းသီး ITC (HS)ကုဒ်နံပါတ် ၀၈၀၂၈၀၉၀ များကိုလည်းအကျုံးဝင်စေပြီး၊(CIF) တန်ဖိုးသည် ၁ ကီလိုဂရမ်လျှင် ရူပီး ၃၅၁ နှင့်ညီမျှခြင်း သို့မဟုတ် ကျော်လွန်ခြင်းမရှိပါက တင်သွင်းခြင်းကို ဆက်လက်တားမြစ်ထားသည်။ သို့သော် အရေးပါသော ကင်းလွတ်ခွင့်များသည် ၁၀၀ ရာခိုင်နှုန်း ပို့ကုန်ဦးတည်သောယူနစ်များ(Export Oriented Units-EOUs)၊ အထူးစီးပွားရေးဇုန်ယူနစ်များနှင့် ကြိုတင်ခွင့်ပြုချက်အစီအစဉ်အောက်မှ တင်သွင်းမှုများ(Advance Authorization Scheme) အတွက် အကျုံးဝင်ကြောင်း တွေ့ရသည်။

ဗဟိုကွမ်းသီးနှင့် ကိုကိုးဈေးကွက်ရှာဖွေရေးနှင့် ပြုပြင်ထုတ်လုပ်ရေးသမဝါယမအသင်း (Central Arecanut and Cocoa Marketing and Processing Cooperative-CAMPCO)သည် အဆိုပါတားမြစ်ချက်ကို ကြိုဆိုခဲ့ပြီး ကွမ်းသီးလှော်များအား ကန့်သတ်ချက်မရှိတင်သွင်းမှုများကြောင့် 'Pattora' ကဲ့သို့သော ပြည်တွင်း အရည်အသွေးနိမ့်မျိုးကွဲများ၏ ဈေးနှုန်းများကို ကျဆင်းစေပြီး ဈေးကွက်ဝယ်လိုအားကို အားနည်းစေခဲ့ကြောင်း မှတ်ချက်ပြုခဲ့သည်။ အဆိုပါကန့်သတ်ချက်သည် တစ်ဖက်တွင် ပို့ကုန်ကိုအဓိကထားသည့် စီးပွားရေးလုပ်ငန်းများအတွက် ထောက်ပံ့ရေးကွင်းဆက်များကို ထိန်းသိမ်းထားရင်း တစ်ဖက်တွင် အိန္ဒိယကွမ်းသီးစိုက်ပျိုးသူများကိုဈေးသက်သာသောတင်သွင်းကုန်များ၏အန္တရာယ်မှကာကွယ်ရန် ရည်ရွယ်ကြောင်းသိရသည်။

References: (1) The Directorate General of Foreign Trade (DGFT), Notification No. 43/2025-26, October 15, 2025.

(2) The Economic Times, Imports of roasted areca nuts below ₹351/kg restricted, October 17, 2025.

(ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_21102025_14:40

## ဇီဝလောင်စာ၌ စားအုန်းဆီ ၅၀ ရာခိုင်နှုန်း ရောစပ်အသုံးပြုရန် စမ်းသပ်မှု အင်ဒိုနီးရှား လုပ်ဆောင်

အင်ဒိုနီးရှားနိုင်ငံအနေဖြင့် ၂၀၂၆ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ရည်မှန်းထားသည့် စားအုန်းဆီ အချိုး ၅၀ ရာခိုင်နှုန်းပါဝင်သော ဇီဝလောင်စာ (B50) ထုတ်လုပ်မှုအစီအစဉ်ကို စတင်နိုင်ရေးအတွက် ဓာတ်ခွဲခန်းစမ်းသပ်မှုများ လုပ်ဆောင်ခဲ့ခြင်းဖြင့် နောက်ထပ်အဆင့်တစ်ရပ်ကို တက်လှမ်းနိုင်ခဲ့သည်ဟု စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူတစ်ဦးက အောက်တိုဘာလ ၇ ရက် တွင် ပြောကြားခဲ့ကြောင်း(အင်္ဂါနေ့)Reuters သတင်းဌာနက ဖော်ပြသည်။

အင်ဒိုနီးရှားနိုင်ငံသည် လက်ရှိအချိန်တွင် စားအုန်းဆီ အချိုး ၄၀ ရာခိုင်နှုန်း ပါဝင်ရောစပ်ထားသည့် B40 အစီအစဉ်ကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော်လည်း ရုပ်ကြွင်းလောင်စာဆီများ တင်သွင်းမှုအပေါ် မှီခိုအားထားနေရမှုကို လျှော့ချနိုင်ရန်ရည်ရွယ်၍ B50 အစီအစဉ်ကို တိုးမြှင့်ထုတ်လုပ်လိုခြင်းဖြစ်သည်။

ဓာတ်ခွဲခန်းစမ်းသပ်မှုများတွင် စားအုန်းဆီ ၅၀ ရာခိုင်နှုန်း ရောစပ်ပါဝင်သော B50 ဇီဝဒီဇယ်ဖြင့် အင်ဂျင်စက်လည်ပတ်ခြင်းပါဝင်ခဲ့ပြီး ထိုသို့စမ်းသပ်မှုကို ဩဂုတ်လတွင် အပြီးသတ်ဆောင်ရွက်နိုင်ခဲ့သည်။ စမ်းသပ်အသုံးပြုမှု ရလဒ်များအပေါ် အခြေခံလျက် ၎င်းတို့အနေဖြင့် ယခုအခါလမ်းများပေါ်တွင် စမ်းသပ်မောင်းနှင်မှုများကို လုပ်ဆောင်မည်ဖြစ်ကြောင်း၊ ထို့ပြင် ဒီဇယ်ဆီအသုံးပြုသော မော်တော်ယာဉ် မဟုတ်သည့် စက်ယန္တရားများတွင် စမ်းသပ်အသုံးပြုမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် လမ်းများတွင် စမ်းသပ် မောင်းနှင်အသုံးပြုမည့်အချိန်ကို မဆုံးဖြတ်ရသေးကြောင်း စွမ်းအင်ဝန်ကြီးဌာန၏ ဇီဝစွမ်းအင်ဆိုင်ရာ ဒါရိုက်တာ Mr. Edi Wibowo က Reuters သို့ ပြောကြားခဲ့သည်။

အင်ဒိုနီးရှားအစိုးရအနေဖြင့် B50 အစီစဉ်ကို ၂၀၂၆ ခုနှစ်တွင် အကောင်အထည်ဖော်ရန် ရည်မှန်းထားသော်လည်း ဇန်နဝါရီလတွင် စတင်ဆောင်ရွက်နိုင်ဖွယ်မရှိဟု စွမ်းအင်ဝန်ကြီးဌာနမှ အကြီးတန်း အရာရှိတစ်ဦးက ဩဂုတ်လတွင် ပြောကြားထားခဲ့သည်။

အင်ဒိုနီးရှား စွမ်းအင်ဝန်ကြီးဌာန၏ အချက်အလက်များအရ B50 အစီအစဉ်ကို ချမှတ်ကျင့်သုံးရာ၌ ပုံမှန်ရေနံထွက် ဒီဇယ်ဆီနှင့် ရောစပ်အသုံးပြုရန်အတွက် တစ်နှစ်လျှင် စားအုန်းဆီ အခြေခံဇီဝလောင်စာဆီ ကီလိုလီတာပေါင်း ၂၀ ဒသမ ၁ သန်း လိုအပ်မည်ဖြစ်ကြောင်း၊ လက်ရှိ B40 အစီအစဉ်အတွက် တစ်နှစ်လျှင် စားအုန်းဆီကီလိုလီတာပေါင်း ၁၅ ဒသမ ၆ သန်း အသုံးပြုလျက်ရှိကြောင်း Reuters သတင်းဌာန၏ ဖော်ပြ ချက်များကို တင်ပြသည်။

Source: Reuters, October 7th 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာ ဈေးကွက်စောင့်ကြည့်လေ့လာရေးအဖွဲ့),

Source: https://www.doca.gov.mm/my/node/52804

## တရုတ်နိုင်ငံ၏ ပြောင်းထွက်ရှိမှုသည် ဆက်လက်မြင့်တက်လာ

တရုတ်နိုင်ငံ၏ ပြောင်းထွက်ရှိမှုသည် ၂၀၂၅-၂၆ တွင် တန်ချိန် ၂၉၈ သန်းအထိ ရောက်ရှိရန် မျှော်မှန်းထားပြီး ယခင်နှစ်ကထက် တန်ချိန် ၃ သန်းတိုးတက်လာမည်ဖြစ်ကြောင်း၊ အထွက်နှုန်းမြင့်တက်လာခြင်းနှင့် တည်ငြိမ်သော စိုက်ပျိုးရေယာများက ထွက်ရှိသည့်ပမာဏကို တိုးတက်လာစေပြီး အစိုးရ၏ ပြည်တွင်းစားနပ်ရိက္ခာ ဖူလုံစေရေးမူဝါဒများကြောင့် ပြောင်းတင်သွင်းမှုများဆက်လက်ကျဆင်းလျက်ရှိကြောင်း USDA ၏ နိုင်ငံခြားစိုက်ပျိုးရေးဝန်ဆောင်မှု(FAS)၏ အစီရင်ခံစာတွင် ဖော်ပြထားသည်ဟု သိရသည်။

USDA ၏နောက်ဆုံးထွက်ရှိသည့် Grain and Feed Survey တွင် FAS သည် ၂၀၂၅-၂၆ အတွက် တရုတ်နိုင်ငံ၏ ပြောင်းတင်သွင်းမှုခန့်မှန်းချက်ကို တန်ချိန် ၇ သန်းသို့လျှော့ချခဲ့ကာ ယခင်ခန့်မှန်းချက်ထက် တန်ချိန် ၁ သန်းလျော့နည်းသွားကြောင်း၊ ၂၀၂၃ တွင် တန်ချိန် ၂၄-၂၃ ဒသမ ၄ သန်းရှိမည်ဟု ခန့်မှန်းခဲ့ရာမှ ၂၀၂၄-၂၅ ခုနှစ်အတွက် ခန့်မှန်းချက်ကိုလည်း ယခင်ထက် တန်ချိန် ၂ သန်းအထိ လျှော့ချခဲ့ကြောင်း သိရသည်။

တရုတ်အစိုးရသည် ဒေသခံတောင်သူလယ်သမားများ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် အထွက်နှုန်းတိုးစေပြီး ပြောင်းသီးနှံတင်သွင်းမှုကိုကန့်သတ်ခြင်းဖြင့် ပြည်တွင်းထုတ်လုပ်မှုကို ဆက်လက်လှုံ့ဆော်လျက်ရှိကြောင်း FAS က ဖော်ပြထားသည်ဟု သိရသည်။

တရုတ်နိုင်ငံ၏ ပြောင်းစားသုံးမှုခန့်မှန်းချက်သည် ၂၀၂၅-၂၆ တွင် တန်ချိန် ၃၂၁ သန်းရှိမည်ဖြစ်ပြီး ၎င်းသည် ၂၀၂၄-၂၅ ထက် ၁ ရာခိုင်နှုန်းပိုများကြောင်း၊ သုံးစွဲမှုတိုးလာခြင်းသည် ပြောင်းဖူးကို တိရစ္ဆာန်အစာအဖြစ် ပြန်လည်အသုံးပြုလာခြင်း၊ ဈေးနှုန်းသက်သာခြင်းနှင့် ပြောင်းအစားထိုးပစ္စည်းများတင်သွင်းခြင်းကို ကန့်သတ်သည့် အစိုးရမူဝါဒများကြောင့်ဖြစ်ကြောင်း သိရသည်။

တရုတ်နိုင်ငံတွင် ပြောင်းဖူးကို အဓိကအားဖြင့် တိရစ္ဆာန်အစာအတွက် ၆၇ ရာခိုင်နှုန်းနှင့် စက်မှုလုပ်ငန်းအတွက် ၂၆ ရာခိုင်နှုန်းအသုံးပြုကြောင်း၊ ၂၀၂၅-၂၆ တွင် တိရစ္ဆာန်အစာအတွက်သုံးစွဲမှုသည် ၁ ရာခိုင်နှုန်းခန့်တိုးလာမည်ဟု ခန့်မှန်းထားကြောင်း၊ ၂၀၂၄ ခုနှစ်တွင် တရုတ်နိုင်ငံ၏ တိရစ္ဆာန်အစာထုတ်လုပ်မှု ပမာဏသည် တန်ချိန် ၃၁၃ သန်းရှိခဲ့ပြီး ၂၀၂၅ တွင် တန်ချိန် ၃၂၂ သန်းအထိရှိလာမည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

China National Grain and Oilseed Information Center(CNGOIC) ၏အဆိုအရ စုစုပေါင်း ပြောင်းပြုပြင်ထုတ်လုပ်မှုပမာဏသည် တန်ချိန် သန်း ၁၃၀ ထက် ကျော်လွန်လျက်ရှိကြောင်း၊ တရုတ်နိုင်ငံမြောက်ပိုင်းဒေသများတွင် ပြောင်းဖူးကို ပြုပြင်ထုတ်လုပ်သည့်လုပ်ငန်းများ များပြားလာပြီး ၂၀၂၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၃ ရာခိုင်နှုန်းတိုးလာသော်လည်း အီသနောထုတ်လုပ်သည့်ကဏ္ဍတွင် သုံးစွဲမှုကျဆင်းခြင်းသည် ပြောင်းသုံးစွဲမှုတိုးတက်မှုကို အကန့်အသတ်ဖြစ်စေကြောင်း သိရသည်။

China Starch Industry Association ၏အဆိုအရ ၂၀၂၄ ခုနှစ်တွင် ပြောင်းတန်ချိန် ၈၅ သန်းခန့်ကို ပြုပြင်ထုတ်လုပ်ရန်အတွက်အသုံးပြုခဲ့ပြီး ပြောင်းဖူးမှုန့်တန်ချိန် ၄၈ သန်းနှင့် ကစီဓာတ်သကြားတန်ချိန် သန်း ၂၀ ကျော်ကို ထုတ်လုပ်ခဲ့ကြောင်း သိရသည်။

ဂျုံထုတ်လုပ်မှုသည် တန်ချိန် ၁၄၀ သန်းရှိပြီး ယခင်အစီရင်ခံစာထက် တန်ချိန် ၁ သန်းလျော့နည်းသွားပြီး ပြောင်းနှင့် ဈေးနှုန်းကွာဟချက် ကျဉ်းမြောင်းလာသောကြောင့် တိရစ္ဆာန်အစာအတွက် တန်ချိန် ၃၅ သန်းသုံးစွဲမည်ဖြစ်ကြောင်း၊ စုစုပေါင်း ဂျုံစိုက်ပျိုးဧရိယာ၊ အထွက်နှုန်းနှင့်ပမာဏမှာ တည်ငြိမ်လျက်ရှိကြောင်း၊ ဂျုံစားသုံးမှုသည် တန်ချိန် ၁၅၂ သန်းရှိပြီး ၂၀၂၄-၂၅ နှင့်နှိုင်းယှဉ်ပါက တန်ချိန် ၂ သန်းတိုးလာမည်ဟု ခန့်မှန်းထားကြောင်း၊ အဓိကဂျုံစားသုံးမှုမှာ တည်ငြိမ်နေပြီး တိရစ္ဆာန်အစာအတွက် အသုံးပြုမှုတိုးလာကြောင်း သိရသည်။

အသက်အရွယ်ကြီးသူများလာခြင်းနှင့် လူဦးရေကျဆင်းလာခြင်းတို့အပြင် စားသုံးမှုပုံစံပြောင်းလဲလာခြင်းတို့ကြောင့် တရုတ်နိုင်ငံတွင် ဂျုံကို အစားအစာအဖြစ်စားသုံးမှုသည် ကျဆင်းလာကာ ဂျုံမှုန့်အသုံးပြုမှုကို အကန့်အသတ်ဖြစ်စေပြီး အသေးစားစက်ရုံများကို အခက်အခဲဖြစ်စေသည်ဟု FAS မှ ဖော်ပြထားကြောင်း သိရသည်။

Source: https://ukragroconsult.com/en/news/corn-production-in-china-continues-to-grow/

(ကေခိုင်ကျော်၊ စီးပွားရေးသံမှူး၊ နန်နင်းမြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_27102025_14:06

## ရုရှားသည် တရုတ်နိုင်ငံသို့ အစေ့ထုတ်ပြောင်း အဓိကပေးသွင်းသူအဖြစ် ရောက်ရှိ

ရုရှားသည် ဘရာဇီးလ်၊ မြန်မာနှင့် အမေရိကန်တို့ကို ကျော်လွန်လျက် တရုတ်နိုင်ငံသို့ အစေ့ထုတ် ပြောင်းတင်ပို့သည့် အကြီးမားဆုံးနိုင်ငံအဖြစ်သို့ ရောက်ရှိလာကြောင်း UkrAgroConsult သတင်း ဝက်ဘ်ဆိုက်က ဖော်ပြသည်။

ရုရှားစိုက်ပျိုးရေးပို့ကုန်ဗဟိုဌာန (Russian Federal Center "Agroexport") ၏ အချက်အလက်များအရ ၂၀၂၅ ခုနှစ် ဇန်နဝါရီလမှ ဩဂုတ်လအတွင်း ရုရှားနိုင်ငံသည် ပြောင်းတန်ချိန် ၂၈၇,၀၀၀ ကျော်ကို တရုတ်ဈေးကွက်သို့ တင်ပို့ခဲ့ရာ ယခင်နှစ် ကာလတူ၌ တင်ပို့ခဲ့သော တန်ချိန် ၉၆,၀၀၀ ထက် သုံးဆကျော် ပိုမိုလာကြောင်း သိရသည်။ ပို့ကုန်တန်ဖိုးအရမူ ၂၀၂၄ ခုနှစ် ကာလတူ၌ရရှိခဲ့သည့်ဝင်ငွေဒေါ်လာ ၂၂ သန်း အပေါ် ၃ ဒသမ ၁ ဆ တိုးတက်လျက် ဒေါ်လာသန်း ၇၀ အထိရရှိခဲ့ခြင်းဖြစ်သည်။

တရုတ်နိုင်ငံသည် ၂၀၂၄ ခုနှစ်၌ ပြောင်းတန်ချိန် ၁၀ သန်းကျော် တင်သွင်းခဲ့သော်လည်း ယခုနှစ် ပထမရှစ်လအတွင်း၌ တန်ချိန် ၇၈၅,၃၀၀ မျှသာတင်သွင်းထားခဲ့သည်။ လွန်ခဲ့သော ၅ နှစ်တာ ကာလအတွင်း တရုတ်နိုင်ငံ၏ ပျမ်းမျှနှစ်စဉ် ပြောင်းတင်သွင်းမှုမှာ တန်ချိန် ၁၁ ဒသမ ၁ သန်းဖြစ်ရာ ယခင်နှစ် တင်သွင်းမှုသည် ၅ နှစ်အတွင်း အနိမ့်ဆုံးဖြစ်သည်။ တရုတ်နိုင်ငံ၏ ပြောင်းတင်သွင်းမှု လျော့ကျလာခြင်းသည် ပြည်တွင်း၌ ထုတ်လုပ်မှုမြင့်မားလာခြင်း၊ ကုန်လက်ကျန်စုဆောင်းမှု မြင့်တက်လာခြင်း၊ စီးပွားရေးတိုးတက်မှု နှေးကွေးလာမှုနှင့်အတူ ဝယ်လိုအားနည်းပါးလာခြင်း စသည့်အချက်များနှင့် ဆက်စပ်လျက်ရှိသည်။

အဆိုပါအခြေအနေ၌ ယခင်က တရုတ်ဈေးကွက်သို့ ပြောင်းအဓိကပေးသွင်းသူဖြစ်သော ဘရာဇီးလ်နိုင်ငံထံမှ တင်သွင်းမှုမှာ ၂၀၂၄ ခုနှစ် ပထမနှစ်ဝက်၌ တန်ချိန် ၅ ဒသမ ၇၆ သန်းရှိခဲ့ရာမှ ယခုနှစ် အလားတူ ကာလတွင် တန်ချိန် ၂၄၅,၀၀၀ သို့ သိသာစွာကျဆင်းခဲ့ပြီး ဇွန်လအတွင်း ဘရာဇီးလ်ပြောင်းတင်သွင်းမှု လုံးဝမရှိခဲ့ကြောင်း သိရသည်။ ယူကရိန်းထံမှ တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှုသည်လည်း မေလတွင် တန်ချိန် ၁၀၆,၅၀၀ ရှိရာမှ ဇွန်လ၌ ၆၅,၇၀၀ တန်သို့ ကျဆင်းခဲ့ပြီး ယခုနှစ် နှစ်ဆန်း ပိုင်းမှ တင်ပို့ခဲ့ပြီးသည့် ပြောင်းကုန်ချိန် စုစုပေါင်းမှာ ၂၃၁,၀၀၀ တန်သာရှိသည်။

ရုရှားနိုင်ငံအနေဖြင့် ပြိုင်ဘက်များ၏ တင်ပို့မှုကျဆင်းနေခြင်းကို အခွင့်အရေးရယူလျက် ယခုနှစ် ဇွန်လတွင် တရုတ်နိုင်ငံသို့ ပြောင်းတန်ချိန် ၈၁,၉၀၀ အထိ တိုးမြှင့်တင်ပို့နိုင်ခဲ့ပြီး ပထမနှစ်ဝက်အတွင်း တန်ချိန် ၂၀၁,၄၀၀ တင်ပို့နိုင်သဖြင့် ယခင်နှစ် ကာလတူထက် နှစ်ဆကျော် တိုးတက်လာခဲ့သည်။ တစ်ချိန် တည်းမှာပင် တရုတ်ဈေးကွက်သို့ ယခင်နှစ်ကာလတူ၌ တန်ချိန် ၁ ဒသမ ၃၈ သန်းတင်ပို့နိုင်မှုနှင့် နှိုင်းယှဉ်ပါက အမေရိကန်၏ပြောင်းတင်ပို့မှုမှာ ယခုနှစ်တွင် တန်ချိန် ၂၀,၀၀၀ ခန့်ဖြင့်သာ ရပ်ဆိုင်းနေခဲ့ပြီး ဤအချက်က နှစ်နိုင်ငံအကြား ကုန်သွယ်ရေးကန့်သတ်မှုများနှင့် နိုင်ငံရေးအရ ဆက်ဆံရေးတိုးတက်မှု အခြေအနေတို့ကို ထင်ဟပ်လျက်ရှိသည်။

Source: UkrAgroConsult, 8 October 2025(လယ်ယာထွက်ကုန်များနှင့် အဓိကသွင်းကုန်များ၏ နိုင်ငံတကာဈေးကွက် စောင့်ကြည့်လေ့လာရေးအဖွဲ့), Source: https://www.doca.gov.mm/my/node/52802

## ၂၀၂၆ ခုနှစ် မတ်လအထိ ငွေစင်လက်ဝတ်ရတနာများ တင်သွင်းခြင်းကို အိန္ဒိယအစိုးရက တားမြစ်ပိတ်ပင်

အိန္ဒိယအစိုးရသည် စက်တင်ဘာလ ၂၄ ရက်နေ့မှစ၍ လာမည့်နှစ် ၂၀၂၆ ခုနှစ်မတ်လ ၃၁ ရက်နေ့ အထိ နိုင်ငံအတွင်း သို့ ငွေလက်ဝတ်ရတနာများ တင်သွင်းမှုကို တားမြစ်ထားကြောင်း အမိန့်ကြေညာစာအရ သိရသည်။ အဆိုပါပိတ်ပင်မှုသည်

လွတ်လပ်သောကုန်သွယ်မှု သဘောတူညီချက် (FTAs)ကို အလွဲသုံးစားလုပ်ခြင်းမှ တားဆီးရန်နှင့် လက်ဝတ်ရတနာ အချောထည်များအဖြစ် ငွေအများအပြား တင်သွင်းမှုများကို ဖြေရှင်းရန် ရည်ရွယ်ခြင်းဖြစ်ကြောင်းသိရသည်။

ကန့်သတ်ထားသည့် ကုန်ပစ္စည်းများတင်သွင်းရန် အစိုးရထံမှ လိုင်စင်လိုအပ်ပြီး အကောက်ခွန် ကင်းလွတ်မှုများအောက်မှ ငွေလက်ဝတ်ရတနာများတင်သွင်းမှု ကန့်သတ်ချက်များသည် ၂၀၂၄-၂၅ ဘဏ္ဍာနှစ်၏ ဧပြီ-ဇွန် မှ ၂၀၂၅-၂၆ ဘဏ္ဍာနှစ်၏ ဧပြီ-ဇွန် အထိတိုးမြင့်လာခြင်းဖြစ်သည်။ FTA ပါ ပြဋ္ဌာန်းချက်များကို ရှောင်တိမ်းသည့် သွင်းကုန်များသည် ပြည်တွင်းထုတ်လုပ်သူများကို ဆိုးဆိုးရွားရွား ထိခိုက်စေပြီး ကျောက်မျက်ရတနာကဏ္ဍတွင် အလုပ်အကိုင်ရရှိရေးအတွက် စိန်ခေါ်မှုတစ်ရပ်ဖြစ်လာကြောင်း တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။ အဆိုပါဆုံးဖြတ်ချက်သည် အိန္ဒိယ၏ လက်ဝတ်ရတနာထုတ်လုပ်သူများအတွက် ဈေးကွက်များပိုမိုကျယ်ပြန့်စေပြီး အသေးစားနှင့်အလတ်စားစီးပွားရေး လုပ်ငန်းများ၏ အကျိုးစီးပွားကိုကာကွယ်ကာ ကဏ္ဍအတွင်းရှိ အလုပ်သမားများအတွက် အသက်မွေးဝမ်းကြောင်းအခွင့်အလမ်းများ ပိုမိုလုံခြုံစေမည်ဟု အစိုးရက ယုံကြည်ထားကြောင်းသိရသည်။ Source : indiatoday

Source: https://www.doca.gov.mm/my/node/53915

## အမေရိကန်နှင့် အပြန်အလှန်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို ယခုနှစ်ဆုံးပိုင်းတွင် အပြီးသတ်သွားမည်ဖြစ်ကြောင်း ထိုင်းနိုင်ငံ၊ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးက ပြောကြားခဲ့

ထိုင်းနိုင်ငံသည် အမေရိကန်နှင့် အပြန်အလှန်ကုန်သွယ်မှုဆိုင်ရာ သဘောတူညီချက်ကို ယခုနှစ်ဆုံးပိုင်းတွင် အပြီးသတ်သွားနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီး Ms. Suphajee Suthumpun က ပြောကြားခဲ့သည်။

လွှတ်တော်သို့ တင်ပြခဲ့သည့် အစိုးရ၏မူဝါဒကြေညာချက်တွင် ဝန်ကြီးဌာန၏ အဓိကမူဝါဒများ ပါဝင်ကြောင်း၊ အမေရိကန်နှင့် အပြန်အလှန်အခွန်နှင့်စပ်လျဉ်းသည့်ပူးတွဲကြေညာချက်ကို ဇူလိုင်လ ၃၁ ရက်နေ့တွင်အပြီးသတ်ခဲ့ပြီး ယခုနှစ်ဆုံးပိုင်းတွင် စာချုပ်ကို အပြီးသတ်နိုင်ရန် စီစဉ်ထားကြောင်း၊ စာချုပ်တွင် ကုန်စည်များ၊ ဝန်ဆောင်မှုများနှင့် ရင်းနှီးမြှုပ်နှံမှုများ ဈေးကွက်ဝင်ရောက်နိုင်ရေး ပါဝင်ကြောင်း၊ ဆွေးနွေးညှိနှိုင်းမှုများတွင် ပြည်တွင်းစက်ရုံများနှင့် ဈေးကွက်ကို အပျက်သဘော ထိခိုက်မှုများကို ရှောင်ရှားနိုင်ရေးဦးတည်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ အမေရိကန်သို့တင်ပို့မည့်ကုန်စည်များအတွက်ပင်ရင်းနိုင်ငံစည်းမျဉ်းသက်သေခံလက်မှတ်ထုတ်ပေးခြင်းကို နိုင်ငံခြားကုန်သွယ်မှုဦးစီးဌာနက ဆောင်ရွက်လျက်ရှိပြီး ကုန်စည်ပင်ရင်းများအတည်ပြုခြင်းကို AI အသုံးပြုခြင်းနှင့် ပိုမိုတင်းကျပ်သောအစီအမံများ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း ဝန်ကြီးက ဖြည့်စွက်ပြောကြားခဲ့သည်။

ပို့ကုန်ကိုအထောက်အကူပြုရန် ဥရောပသမဂ္ဂ၊ ကိုရီးယားတို့နှင့်ဆွေးနွေးလျက်ရှိသည့် လွတ်လပ်သောကုန်သွယ်ရေးသဘောတူစာချုပ်များကို အပြီးသတ်လိုကြောင်း၊ အရှေ့အလယ်ပိုင်း၊ ဆော်ဒီအာရေဗျ၊ အာဖရိက၊ အရှေ့တောင်အာရှနှင့် တောင်အာရှတို့သို့ ဈေးကွက်သစ်များရှာဖွေနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ Anti-dumping၊ anti-circumvention နှင့် safeguard အစီအမံများနှင့်စပ်လျဉ်း၍ လုပ်ငန်းစဉ်များ လွယ်ကူချောမွေ့စေရေးအတွက် တိုင်ကြားချက်တင်ပြသည့်ကာလကို ၄ လမှ ၁ လသို့ လျှော့ချပေးခြင်း၊ အချက်အလက်များစိစစ်မှုကို AI အသုံးပြုခြင်းနှင့် စစ်ဆေးသည့်ကာလကို ၁၂ လမှ ၉ လသို့ လျှော့ချပေးခြင်းတို့ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ဝန်ကြီးက ဆက်လက်ပြောကြားခဲ့သည်။

အရည်အသွေးမမီသော သွင်းကုန်များနှင့် အမည်သုံးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အဖွဲ့အစည်း ၁၆ ခု ပါဝင်သော ပူးတွဲကော်မတီကိုဖွဲ့စည်းခဲ့ပြီး သွင်းကုန်အသေးစားများမှ တန်ဖိုးမြင့်ခွန် ဘတ် ၂ ဒသမ ၁၈ ဘီလီယံကောက်ခံရရှိခဲ့ကြောင်း၊ e-commerce ကို AI အသုံးပြု၍ စောင့်ကြည့်လျက်ရှိပြီး အမည်ခံလုပ်ငန်းများကိုလည်း တင်းကျပ်စွာနှိမ်နင်းလျက်ရှိကြောင်း၊ ကမ္ဘောဒီးယားနှင့်ဆက်စပ်နေသော ပြည်နယ် ၇ ခုမှ စီးပွားရေးလုပ်ငန်းများအတွက် တန်ဖိုးနည်း Blue-Flag ပြပွဲများ၊ အခြားသောပြည်နယ်များရှိ ပြပွဲများမှတစ်ဆင့် ဈေးကွက်ဝင်ရောက်စေခြင်းနှင့် ထိုင်းစာတိုက်လုပ်ငန်းမှတစ်ဆင့် အွန်လိုင်းရောင်းချမှုများ ဆောင်ရွက်စေခြင်းဖြင့် အကူအညီပေးလျက်ရှိကြောင်း၊ Blue-Flag ပြပွဲ ၁,၃၀၀ ကျော် ကျင်းပရန်လျာထားပြီး လူနာများ ဆေးဝါးများကို ဆေးရုံပြင်ပတွင် ဝယ်ယူခွင့်ပေးပြီး မရှိမဖြစ်လိုအပ်သော ဆေးဝါးများနှင့် ဆက်စပ်ပစ္စည်းများ ဈေးနှုန်းများကို ထိန်းချုပ်သွားမည်ဖြစ်ကြောင်း Ms. Suphajee က ပြောကြားခဲ့သည်။

ရေတိုတွင် တောင်သူလယ်သမားများကို အထောက်အပံ့ပေးရန်အတွက် နောက်ကျရောင်းချရန် ချေးငွေပေးခြင်း၊ စိုက်ပျိုးရေးဆိုင်ရာသမဝါယမအတွက်ချေးငွေပေးခြင်း၊ ဆန်သိုလှောင်ရန် ဆန်ကုန်သည်များအတွက် ငွေဖြစ်လွယ်နှုန်းတိုးမြှင့်စေခြင်းနှင့် တောင်သူတစ်ဦးလျှင် ၁၀ ရိုင်အများဆုံးဖြင့် ၁ ရိုင်လျှင် ဘတ် ၁,၀၀၀ ငွေကြေးထောက်ပံ့မည်ဖြစ်ကြောင်း၊ ပို့ကုန်နှင့် စပ်လျဉ်း၍ တရုတ်နှင့် အစိုးရမှ အစိုးရသို့ (G-to-G)ဆန်ရောင်းချရေးကို အရှိန်မြှင့်တင်ဆောင်ရွက်သွားမည်ဖြစ်ပြီး စင်ကာပူနှင့် ကုန်သွယ်နိုင်ရေး ဆွဲဆောင်ဆွေးနွေးသွားမည်ဖြစ်ကြောင်း၊ ဆော်ဒီအာရေးဗျကဲ့သို့သော ဈေးကွက်သစ်သို့ ဆန် တင်ပို့နိုင်ရေး တိုးချဲ့သွားမည်ဖြစ်ပြီး ဥရောပသို့ အော်ဂဲနစ်ဆန်နှင့် အမေရိကန်သို့ စပယ်ဆန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ Source: www.bangkokpost.com ,(သီတာဝင်း၊ စီးပွားရေးသံမှူး၊ ဗန်ကောက်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15102025_13:01

## အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် စတီးလ်တင်သွင်းမှုပြုသည့်ခွဲတမ်းကို ထက်ဝက်နီးပါးလျှော့ချမည့် ဥရောပသမဂ္ဂ၏ အစီအစဉ်သည် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်တင်ပို့မှုကို ထိခိုက်စေနိုင်

အကောက်ခွန်ကင်းလွတ်ခွင့်ဖြင့် စတီးလ်တင်သွင်းမှုပြုသည့်ခွဲတမ်းကို ထက်ဝက်နီးပါးလျှော့ချမည့် ဥရောပသမဂ္ဂ၏ အစီအစဉ်သည် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်တင်ပို့မှုကို ထိခိုက်စေနိုင်သည်ဟု ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ၂၀၂၅ ခုနှစ် အောက်တိုဘာလ ၈ ရက်နေ့တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂဈေးကွက်သည် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်ပို့ကုန်များအတွက် ဒုတိယမြောက် အကြီးဆုံးပို့ကုန်ဈေးကွက်ကြီးဖြစ်သည်။ သို့ဖြစ်၍ သတ်မှတ်ခွဲတမ်းထက် ပိုမိုတင်သွင်းလာသည့် စတီးလ် ကုန်စည်များအပေါ် စည်းကြပ်ခွန် ၅၀ ရာခိုင်နှုန်းကောက်ခံရန် စီစဉ်နေမှုကို အမှန်တကယ် အကောင်အထည်ဖော်ပါက တောင်ကိုရီးယားနိုင်ငံအပေါ် များစွာထိခိုက်စေမည်ဖြစ်ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။

ဥရောပသမဂ္ဂက ယခုကဲ့သို့စီစဉ်ဆောင်ရွက်ခြင်းသည် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ၏ စတီးလ် လုပ်ငန်းရှင်များကို ကာကွယ်ပေးရန်ဖြစ်သည်။ သို့သော် ဥရောပသမဂ္ဂနှင့်လွတ်လပ်သော ကုန်သွယ်မှုသဘောတူညီချက်)Free Trade Agreement-FTA)ကို လက်မှတ်ရေးထိုးချုပ်ဆိုပြီးသည့် နိုင်ငံများအတွက် ခွဲတမ်းသတ်မှတ်မှုကို စဉ်းစားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည့်အတွက် တောင်ကိုရီးယားနိုင်ငံအနေဖြင့် နှစ်နိုင်ငံတွေ့ဆုံဆွေးနွေးညှိနှိုင်းမှုများဖြင့် နိုင်ငံ၏အကျိုးစီးပွားနစ်နာမှုမရှိစေရေး အစွမ်းကုန်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ တောင်ကိုရီးယားနိုင်ငံ၏ထိပ်တန်းကုန်သွယ်ရေးကိုယ်စားလှယ် Mr. Yeo Han-koo သည် ဥရောပသမဂ္ဂကော်မရှင်၏ ကုန်သွယ်ရေးနှင့် စီးပွားရေးလုံခြုံစိတ်ချရမှုဆိုင်ရာတာဝန်ရှိသူ Mr.Maroš Šefčovič နှင့် မကြာမီရက်များအတွင်း တွေ့ဆုံဆွေးနွေးသွားမည်ဖြစ်ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာနက ထုတ်ပြန်ကြေညာထားသည်။

အမေရိကန်ပြည်ထောင်စုက ချမှတ်လိုက်သောစည်းကြပ်ခွန် ၅၀ ရာခိုင်နှုန်း အကျိုးဆက်ကြောင့် တောင်ကိုရီးယားနိုင်ငံ၏ စတီးလ်တင်ပို့မှုသည် ၅ လဆက်တိုက်ကျဆင်းခဲ့ပြီး ၂၀၂၅ ခုနှစ် စက်တင်ဘာလ တွင် စတီးလ်တင်ပို့မှု ၄ ဒသမ ၂ ရာခိုင်နှုန်း ကျဆင်းခဲ့ကြောင်း ကုန်သွယ်ရေး၊ စက်မှုနှင့်စွမ်းအင်ဝန်ကြီးဌာန က ထုတ်ပြန်ကြေညာထားသည်။

Source: Korea Times ,(ပပ၊ စီးပွားရေးသံမှူး၊ ဆိုးလ်မြို့)

Source: https://myantrade.gov.mm/article/STP(Ygn)_15102025_14:07

## အိန္ဒိယနိုင်ငံသို့ ငါးသလောက်ငါး တန်ချိန် ၃၇ ဒသမ ၄၆ တန်ခန့် တင်ပို့ခဲ့သည့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ

ဘင်္ဂလားဒေ့ရှ်နိုင်ငံသည် အိန္ဒိယနိုင်ငံသို့ ငါးသလောက်ငါးတန်ချိန် ၃၇ ဒသမ ၄၆ တန်ချိန်ခန့် တင်ပို့ခဲ့ကြောင်း သိရသည်။ အဆိုပါငါးသလောက်များကို အကောက်ခွန်နှင့် သန့်ရှင်းရေးစစ်ဆေးမှုများ ပြုလုပ်ပြီးနောက် Benapole ဆိပ်ကမ်းမှ တစ်ဆင့် ပို့ဆောင်ခဲ့ကြောင်း ငါးလုပ်ငန်း ဦးစီးဌာနမှ အရာရှိဆိုသူ Sajib Saha က ပြောကြားခဲ့သည်။

တင်ပို့သည့် ငါးအများစု၏ အလေးချိန်သည် ၆၀၀ ဂရမ်မှ ၇၀၀ ဂရမ်အတွင်းရှိကြောင်း သိရသည်။ အစောပိုင်းတွင် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် စက်တင်ဘာလ ၁၆ ရက်နေ့နှင့် အောက်တိုဘာလ ၅ ရက်နေ့အတွင်း တွင် Durga Puja မြို့တော်အတွက် အိန္ဒိယနိုင်ငံသို့ ငါးသလောက် တန်ချိန် ၁,၂၀၀ တန်ခန့် တင်ပို့ရန် တင်ပို့သူ ၃၇ ဦးအား အမိန့်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။ တင်ပို့သည့် ငါးသလောက်များကို တစ်ကီလိုလျှင် ၁၂ ဒသမ ၅ ဒေါ်လာဖြင့် ရောင်းချမည်ဖြစ်ကြောင်း သိရသည်။ အလေးချိန် ၆၀၀ ဂရမ်မှ ၁ ကီလိုရှိသော ငါးသလောက်များကို အမျိုးအစားသီးသန့်ခွဲထားပြီး ရေခဲ

များဖြင့် ထိန်းသိမ်းလျက်ရှိကြောင်း သိရသည်။ Tanisha လုပ်ငန်းမှ ဝန်ထမ်းဖြစ်သူ Mohammad Babor က ၎င်းတို့ အနေဖြင့် ဈေးကွက်ထဲတွင် ငါးသလောက်ရရှိမှုကျဆင်းမှုကြောင့် စက်တင်ဘာလ ၁၈ ရက်နေ့အတွက် ငါးသလောက်တန်ချိန် တစ်ဝက်ခန့်သာ တင်ပို့နိုင်မည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ Source: The Daily Star

Source: https://www.doca.gov.mm/my/node/53205

## သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသော ထိခိုက်မှုအန္တရာယ်နှင့် ကြုံတွေ့ရသည့် ဒါဂျီလင် (Darjeeling) လက်ဖက်လုပ်ငန်း

ဆယ်စုနှစ်တစ်ဝက်ကြာ ငွေကြေးအကျပ်အတည်းနှင့် ရင်ဆိုင်နေရသော ဒါဂျီလင်လက်ဖက်လုပ်ငန်းသည် သဘာဝဘေးအန္တရာယ်ကြောင့် ကြီးမားသောထိခိုက်မှုအန္တရာယ်နှင့် ကြုံတွေ့နေရကြောင်း The Hindu Businessline သတင်းဌာနက အောက်တိုဘာလ ၇ ရက်နေ့က ဖော်ပြသည်။

အောက်တိုဘာလ ၅ ရက်(တနင်္ဂနွေနေ့) ညတစ်ညတည်းတွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် အဆိုပါတောင်ကုန်းဒေသများ၌ ဆယ်စုနှစ်အတွင်း အဆိုးရွားဆုံးမြေပြိုမှုများဖြစ်ပွားခဲ့ပြီး၊ လက်ဖက်ခြံ အများစုကို ပြင်းထန်စွာထိခိုက်စေခဲ့ကာ လက်ဖက်ပင် ထောင်ပေါင်းများစွာ ရေထဲမျောပါသွားခဲ့ကြောင်း သိရသည်။

ဒါဂျီလင် လက်ဖက်စိုက်ပျိုးသူများအတွက် နှစ်စဉ်ထွက်ရှိသော လက်ဖက်ထုတ်လုပ်မှု၏ ၁၅ ရာခိုင်နှုန်းမှ ၂၀ ရာခိုင်နှုန်းခန့်ရှိသည့် အရည်အသွေးမြင့် ဆောင်းဦးရာသီလက်ဖက်ထွက်ကုန်များမှာ လုံးဝပျက်စီးသွားခဲ့ကြောင်း သိရသည်။

ဒါဂျီလင်လက်ဖက်ခြောက်များကို ရောင်းချသည့် တစ်ခုတည်းသော ကော်လ်ကတ္တားလေလံဗဟိုဌာနတွင် ယခုသီတင်းပတ်မှစ၍နောက်ထပ် သုံးကြိမ်ရောင်းချရန်သာ လက်ဖက်ခြောက်များ ကျန်ရှိနေသောကြောင့် ကမ္ဘာကျော်ရနံ့မွှေးကြိုင်သော လက်ဖက်ခြောက်များ၏ လေလံဈေးနှုန်းများမြင့်တက်လာဖွယ်ရှိ ကြောင်း သိရသည်။

Chamong အဖွဲ့၏ ဥက္ကဋ္ဌ Ashok Kumar Lohia က Businessline သတင်းဌာနသို့ ပြောကြားရာတွင် “လက်ဖက်ခြံများ၏ ၇၅ ရာခိုင်နှုန်းကနေ ၈၀ ရာခိုင်နှုန်းနီးပါးဟာ ရေကြီးမှုနဲ့ မြေပြိုမှုတွေကြောင့် အကြီးအကျယ်ထိခိုက်ခဲ့ရတယ်။ တောင်ကုန်းတွေမှာ လူတွေအများအပြား သေဆုံးခဲ့ကြတယ်။ ဒါဂျီလင်မှာ ကျွန်တော်တို့ရဲ့လက်ဖက်ခြံ ၁၄ ခြံရှိတယ်။ လက်ရှိအချိန်အထိ ကျွန်တော်တို့ရဲ့ လက်ဖက်ခြံအလုပ်သမား သုံးဦးမြေပြိုမှုကြောင့် သေဆုံးခဲ့တယ်ဆိုတဲ့ သတင်းရရှိထားတယ်။ လက်ဖက်ပင်တွေလည်း ရေထဲမျောပါ သွားခဲ့ပါတယ်ဟု " ပြောကြားခဲ့သည်။

မြောက်ဘင်္ဂလားဒေသရေကြီးမှုတွင် သေဆုံးသူဦးရေ ၂၈ ဦးအထိမြင့်တက်လာပြီး၊ အောက်တိုဘာလ ၄ ရက်နှင့် ၅ ရက်နေ့များတွင် ဒါဂျီလင်ခရိုင်၌ မြေပြိုမှုကြောင့် ၂၃ ဦးအထိ သေဆုံးခဲ့ကြောင်း သိရသည်။

"ဒီတစ်ကြိမ် တောင်ကုန်းတွေမှာဖြစ်ပွားတဲ့ သဘာဝဘေးအန္တရာယ်ရဲ့ပြင်းထန်မှုဟာ ၁၉၆၈ ခုနှစ်က ဖြစ်ပွားခဲ့ဖူးတဲ့ အကြီးစားငလျင်နဲ့သာ နှိုင်းယှဉ်လို့ရနိုင်တယ်။ မြေပြိုမှုတွေကြောင့် လက်ဖက်ချုံတွေ အများအပြားရေထဲမျောပါသွားခဲ့ပြီး လက်ဖက်ထုတ်လုပ်မှုအပေါ် ရေရှည်သက်ရောက်မှုတွေ ဖြစ်ပေါ်စေတယ်ဟု ၎င်းက " ပြောကြားခဲ့သည်။ ၎င်းက ဆက်လက်၍ လက်ဖက်ချုံအသစ်တွေဟာ အစောပိုင်းကာလမှာ" အထွက်နှုန်းနည်းပြီး ယေဘုယျအားဖြင့် ငါးနှစ်ကြာပြီးမှသာ အထွက်နှုန်းတက်လာတာဖြစ်ပါတယ်ဟု ပြောကြားခဲ့သည်။ "

အိန္ဒိယလက်ဖက်ဘုတ်အဖွဲ့၏အချက်အလက်များအရ ဒါဂျီလင်ဒေသ၏ လက်ဖက်ထုတ်လုပ်မှုသည် ၂၀၂၃ ခုနှစ်တွင် တန်ချိန် ၆ ဒသမ ၀၁ သန်း ရှိခဲ့ရာမှ ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၅ ဒသမ ၆၀ သန်းသို့ ကျဆင်းသွားခဲ့ကြောင်း သိရသည်။

Bagaria အဖွဲ့၏ဥက္ကဋ္ဌ S.S. Bagaria က ရုတ်တရက်ရေကြီးမှုနှင့် မြေပြိုမှုများဖြစ်ပွားပြီးနောက် တောင်ကုန်းဒေသများတွင်"အလုံးစုံပျက်သုဉ်းမှု(Total disaster)"ဖြစ်ခဲ့သည်ဟု ပြောကြားခဲ့သည်။ ၎င်းက ထပ်လောင်းပြောကြားရာတွင် "ဒီအဖြစ်အပျက်ကြောင့် ကျွန်တော်တို့ လက်ဖက်တန်ချိန် ၀ ဒသမ ၅ သန်း ဆုံးရှုံးခဲ့ရတယ်။ လက်ဖက်ချုံအဟောင်းတွေ အများအပြားရေထဲမျောပါသွားတဲ့အတွက် ထုတ်လုပ်မှုကလည်း ရေရှည်မှာ ထိခိုက်မှုရှိလာမှာပါ" ဟု ပြောကြားခဲ့သည်။

ဒါဂျီလင်လက်ဖက်ထုတ်လုပ်မှုသည် ၂၀၂၄ ခုနှစ်တွင် တန်ချိန် ၆ သန်းအောက်သို့ ကျဆင်းခဲ့ပြီး၊ မကြာသေးမီကာလ သမိုင်းတစ်လျှောက်တွင် အနိမ့်ဆုံးထုတ်လုပ်မှုဖြစ်လာနိုင်ကြောင်းနှင့် အဆိုပါထုတ်လုပ်မှုသည် ဆိုးရွားသောရာသီဥတု အခြေအနေများကြောင့် ပြင်းထန်စွာ ထိခိုက်ခဲ့ကြောင်း သိရသည်။

မြေပြိုမှုများနှင့် ရုတ်တရက်ရေကြီးမှုများကြောင့် လမ်းများပိတ်ဆို့ကာ တံတားများ ရေနှင့်အတူ မျောပါသွားခဲ့သောကြောင့် ဒါဂျီလင်လက်ဖက်ခြောက်များဖြန့်ဖြူးရေးအတွက် အဓိကစိုးရိမ်စရာဖြစ်နေကြောင်း သိရသည်။

ကော်လ်ကတ္တားလက်ဖက်ခြောက်ကုန်သည်များအသင်း(Calcutta Tea Traders Association) အတွင်းရေးမှူး Kalyan Sundaram က businessline သတင်းဌာနသို့ ပြောကြားရာတွင် "အောက်တိုဘာလ ၉ ရက်နေ့တွင် ကျင်းပမဲ့ ဒီတစ်ပတ်အရောင်းအတွက် ဒါဂျီလင်လက်ဖက်ခြောက်တွေရောက်ရှိနေပါပြီ။ ကျွန်တော်တို့မှာ အောက်တိုဘာလ ၁၄ ရက်နဲ့ ၂၄ ရက်နေ့တွေမှာ စီစဉ်ထားတဲ့ အရောင်းအတွက်လည်း စတော့ခ်တွေရှိနေတယ်။ အဲဒီနောက်ပိုင်းမှာတော့ လက်ဖက်ခြောက်တွေ ရောက်လာဖို့လိုတယ်။ ဘယ်အချိန်မှာ ရောက်ရှိလာမလဲဆိုတာ မေးခွန်းထုတ်စရာဖြစ်နေတယ်။ အောက်တိုဘာလအတွက် နောက်ဆုံးအရောင်းကို အောက်တိုဘာလ ၂၉ ရက်နေ့မှာ စီစဉ်ထားပါတယ်ဟု " ပြောကြားခဲ့သည်။

ဒါဂျီလင်ဒေသသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေပေါင်း ၆,၇၀၀ ခန့်အမြင့်တွင်တည်ရှိပြီး၊ တောင်ကုန်းထူထပ်ကာ အေးမြသောရာသီဥတုအခြေအနေကြောင့် လက်ဖက်ပင်များစိုက်ပျိုးဖြစ်ထွန်းသည့် ဒေသတစ်ခုဖြစ်သည်။ ဒါဂျီလင်လက်ဖက်အချိုခြောက်သည် ကမ္ဘာတွင် နာမည်ကြီးပြီး၊ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပထဝီဒေသဆိုင်ရာ အညွှန်းကိန်းမှတ်ပုံတင် (Registration of Geographical Indication-GI)ဖြင့် ကာကွယ်ထားသည်။ ယခုအခါ မိုးသည်းထန်စွာရွာသွန်းမှု၊ မြေပြိုမှု၊ ရေကြီးရေလျှံမှုစသည့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်နေရပြီး လက်ဖက်စိုက်ခင်းများ ထိခိုက်ကာ လက်ဖက်ခြောက်အထွက်နှုန်းကျဆင်းမည့် အန္တရာယ်နှင့်ရင်ဆိုင်နေရသည်။

Source: The Hindu Businessline, Darjeeling floods and landslides: Premium autumn crop totally washed out, supply of tea remains major worry, October 7, 2025., (ကောင်းထွဋ်အောင်၊ စီးပွားရေးသံမှူး၊ ကော်လ်ကတ္တားမြို့)

Source: [https://myantrade.gov.mm/article/STP(Ygn)_27102025_14:39](https://myantrade.gov.mm/article/STP(Ygn)_27102025_14:39)

# ပြည်တွင်းကုန်သွယ်မှုသတင်း

## ရော်ဘာပန်းတိုင်အထွက်နှုန်း တစ်ဧကပေါင် ၁၀၀၀ ထွက်ရှိရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိ

မြန်မာနိုင်ငံ၌ ၂၀၂၅ ခုနှစ်အတွင်း ရော်ဘာသီးနှံ စိုက်ဧက ၁ ဒသမ၆ သန်းခန့်ရှိပြီး အဓိက စိုက်ပျိုးကြသည့် ဒေသများမှာ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ် နှင့် ရှမ်းပြည်နယ်တို့ဖြစ်ကြောင်း၊ အဆိုပါစိုက်ပျိုးဧကများတွင် ပန်းတိုင်အထွက်နှုန်း တိုးတက်မြင့်မားရေး အတွက် တစ်ဧကပေါင် ၁၀၀၀ နှင့်အထက်ထွက်ရှိရေး စီမံချက်ရေးဆွဲဆောင်ရွက်လျက်ရှိကြောင်း စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ သိရသည်။

"စက်မှုကုန်ကြမ်းသီးနှံဖြစ်တဲ့ ရော်ဘာကို တစ်ဧကအထွက်နှုန်း ပိုမိုတိုးတက်မြင့်မားလာဖို့ အဓိကထားဆောင်ရွက်သွားမှာဖြစ်တယ်။ ပန်းတိုင်အထွက်နှုန်းအနေနဲ့ တစ်ဧကပေါင် ၁၀၀၀ နဲ့အထက်ထွက်ရှိပြီး ပြည်ပပို့ကုန်အဖြစ် ဒေသတွင်းနိုင်ငံတွေနည်းတူ ခိုင်မာတဲ့ ကမ္ဘာ့ရော်ဘာဈေးကွက် ဝေစုရရှိရေးကို ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်တယ်။ အထွက်နှုန်းတိုးတက်ဖို့က လုပ်ငန်းရှင်တောင်သူများဘက်က ဆောင်ရွက်ရမဲ့ နည်းလမ်းတွေကိုလည်း သုတေသနပြုရေးဆွဲထားတာရှိတယ်။ နောက်တစ်ချက်က သက်တမ်းလွန်ပင်အို ဧရိယာတွေမှာ ပင်အိုတွေကိုခုတ်လှဲပြီးတော့ မျိုးကောင်းမျိုးသန့်တွေ ပြန်လည်အစားထိုးရွေးချယ် စိုက်ပျိုး သွားမယ်ဆိုရင် အထွက်နှုန်းပိုမိုမြင့်မားလာမှာဖြစ်ပါတယ်"ဟု စိုက်ပျိုးရေးဦးစီးဌာန(ရုံးချုပ်) နှစ်ရှည်သီးနှံဌာနခွဲမှ ညွှန်ကြားရေးမှူး ဒေါက်တာမြတ်သူက ပြောသည်။

ရော်ဘာသီးနှံ မျိုးရရှိရေးနှင့်ပတ်သက်၍ စိုက်ပျိုးရေးဦးစီးဌာန နှစ်ရှည်သီးနှံဌာနခွဲအောက်ရှိ မျိုးထုတ်လုပ်သည့်ခြံများတွင် ရရှိနိုင်သည့်အပြင် လိုင်စင်ရပုဂ္ဂလိက မျိုးထုတ်လုပ်သူများထံမှလည်း ဝယ်ယူ ရရှိနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ၌ ၂၀၀၀ ပြည့်နှစ်နောက်ပိုင်းတွင် ရော်ဘာစိုက်ပျိုးထုတ်လုပ်မှုကဏ္ဍ၌ လုပ်ငန်းရှင် တောင်သူများ ပိုမိုရင်းနှီးမြှုပ်နှံလာကြသဖြင့် စိုက်ဧကများ လျင်မြန်စွာတိုးတက်လာသည့်အပြင် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ရော်ဘာတန် ၃၄၆,၇၇၀ ထုတ်လုပ်နိုင်ခဲ့ပြီး ပြည်ပသို့ တန် ၂၉၉,၆၄၀ တင်ပို့နိုင်ခဲ့ရာ စုစုပေါင်းထုတ်လုပ်မှု၏ ၈၆ ရာခိုင်နှုန်းခန့်အား ပြည်ပသို့ တင်ပို့နိုင်ခဲ့သဖြင့် အမေရိကန်ဒေါ်လာ ၄၈၁ ဒသမ ၀၄၂ သန်းရရှိခဲ့ကြောင်း၊ ၂၀၂၄-၂၀၂၅ ခုနှစ်တွင် အစေးလှီးနိုင်သောဧကများမှ တစ်ဧက ပျမ်းမျှအထွက်နှုန်း ၇၂၇ ဒသမ ၄၉ ပေါင် ထွက်ရှိရာမှ မြန်မာ့ရော်ဘာတိုးမြှင့်ထုတ်လုပ်တင်ပို့မှုမှဝင်ငွေ အမေရိကန်ဒေါ်လာ တစ်ဘီလီယံရရှိရေးနှင့် ရော်ဘာတစ်ဧက ပန်းတိုင်အထွက်နှုန်း ပေါင် ၁၀၀၀ နှင့်အထက် ထွက်ရှိနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ Source: မြန်မာ့အလင်းသတင်းစာ

## ပြည်ပကုန်သွယ်မှုသတင်း

### အီးယူနဲ့ အခြားဈေးကွက်တွေက အောက်တိုဘာလမှစတင်ပြီး ဆန်နဲ့ ဆန်ကွဲတွေ စတင်ဝယ်ယူ

မြန်မာ့ဆန်နဲ့ ဆန်ကွဲရဲ့ အဓိကဝယ်လက်နိုင်ငံတွေဖြစ်တဲ့ အီးယူနဲ့ အခြားဈေးကွက်တွေက အောက်တိုဘာလမှ စတင်ပြီး ဆန်နဲ့ ဆန်ကွဲတွေ စတင်ဝယ်ယူနေပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ဆန်စပါးစိုက်ပျိုး ထုတ်လုပ်သူများအသင်းမှ သိရသည်။

အီးယူက ၅ မှတ်ဆန် (DPS) တစ်တန်ကို ဒေါ်လာ ၃၃၀၊ ၅ မှတ် ပေါင်းဆန် တစ်တန်ကို ဒေါ်လာ ၄၄၀-၄၅၀၊ အာရှဈေးကွက်က ၅ မှတ်ဆန် (DPS) တစ်တန်ကို ဒေါ်လာ ၃၂၅ နဲ့ ဈေးပေးဝယ်နေကြောင်း သိရသည်။

ဒါ့အပြင် တရုတ်ဈေးကွက်ကို သုခအမျိုးအစား ၁၀ မှတ်ဆန် (DPS) တစ်တန်ကို ဒေါ်လာ ၃၂၅-၃၃၀၊ အာဖရိကဈေးကွက်ကို ၃၅ မှတ်ဆန် (ရိုးရိုးစ) တစ်တန်ကို ဒေါ်လာ ၂၇၅-၂၈၀၊ ဆန်ကွဲ B1,2 တစ်တန်ကို ဒေါ်လာ ၂၇၅ ဈေးနှုန်းတွေနဲ့ ရောင်းနေရကြောင်း သိရသည်။

ကမ္ဘာ့ဆန်ဈေးကွက်မှာ မြန်မာ့ဆန်ဈေးနှုန်းတွေက အနိမ့်ဆုံးနှုန်းထားဖြစ်နေပြီး ယခုထက်ပိုပြီး ဈေးမကျနိုင်တော့တာကြောင့် ပို့ကုန်ကုမ္ပဏီကြီးတွေအနေနဲ့ ရောင်းလိုဇောနှင့် ဈေးနှုန်းတွေကို လျှော့ရောင်း စရာမလိုအကြောင်း အသင်းတာဝန်ရှိသူက တိုက်တွန်းထားသည်။ တောင်သူကြီးများကလည်း စပါးအရည်အသွေးကောင်းမွန်ရန် ရင့်မှည့်ညီညာမှ ရိပ်သိမ်းပေးကြရန် အကြံပြုထားသည်။

မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်(MRF)အနေနဲ့ အောက်တိုဘာလမှ ၂၀၂၆ ခုနှစ် မတ်လကုန်အထိ တစ်လကို ဆန်/ဆန်ကွဲ တန်ချိန် ၃ သိန်းနှုန်းနဲ့ စုစုပေါင်း တန်ချိန် ၁၈ သိန်း တင်ပို့ရန် လျာထားဆောင်ရွက် နေသည်။

ယခုဘဏ္ဍာနှစ်မှာ ဆန်/ ဆန်ကွဲတန်ချိန် ၃ သန်း တင်ပို့နိုင်ရန် အသင်းချုပ်နှင့် ပို့ကုန်ကုမ္ပဏီကြီးတွေက ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ပြီးခဲ့သည့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် တန်ချိန် ၂ ဒသမ ၄၈ သန်း တင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

